# ရခိုင်မဟာရာဇဝင်တော်ကြီး

## (ပထမ ဓညဝတီ)

သားတော်စန္ဒရာမင်း။ ၎င်းသားတော်ဇေယစန္ဒရာမင်း။ ၎င်းမင်း၏သားတော်မောက္ခစန္ဒရာမင်း။ ၎င်းမင်း၏သားတော်ဂုနစန္ဒရာမင်း။ ၎င်းမင်း၏သားတော် သူရိယငယ်သည် သားကြီးဆုံးဖြစ်သည်။ ၎င်းမင်း၏သားတော် ကံရာဇာကြီး၊ ဘီသန္ဒာမိဖုရားနှင့် ဒုတိယဝေသာလီမြို့ကို ဖျက်ပြီးလျှင်၊ ဓညဝတီမြို့တော်ကိုတည်တော်မူလေသတည်း။

### ၁။ ကံဇာငယ်မင်းဆက် တို့၏အကြောင်း။

ထိုသို့ကံရာဇာကြီးနှင့်ဘီသန္ဒာမိဖုရားနှင့်ဖွားမြင်တော်မူသော ကံရာဇာငယ်သည် ဖခမည်းတော်နတ်ရွာလွန်ပြီးလျှင်၊ ဓညဝဒီမြို့တော်၌ နန်းတက်တော်မူလေသည်။

၎င်းမင်း၏သားတော်အိန္ဒသူရိယမင်း၊ ၎င်း၏သားတော် အသူရိန္ဒသူရိယမင်း။ ၎င်းသားတော်ဝရမိတ္တာမင်း။ ၎င်းမင်း၏သားတော်သီရိပုတ္တာမင်း၊ ၎င်းမင်းသားတော်သူရိယမင်း၊ ၎င်းမင်း၏သားတော်မင်းထီး၊ ၎င်းမင်း၏သားတော် မင်းဘာ။ ၎င်းမင်း၏သားတော် စည်ဘောင်မင်း။ ၎င်းမင်းသားတော်ကံတိုင်းသင်မင်း။ ၎င်းမင်းညီတော် ကျော်ခေါင်စင်မင်း။ ၎င်းမင်းသားတော်သူရိယစန္ဒဝိတ်မင်း။ ၎င်းမင်းသားတော်အနန္တတယမင်း။၎င်းမင်းသားတော်လကျ်ာစည်သူမင်းကြီး။ ၎င်းမင်း၏သားတော် သိဟဂုတ္တိမင်း။ ၎င်းမင်း၏သားတော် အုံမ်းလီမင်း။ ၎င်းမင်းသားတော်ပဒပ်မွေးမင်း။ ၎င်းမင်းသားတော် ဇေယနံသူမင်း။ ၎င်းမင်း၏သားတော်သက္ကာဓမင်း။ ၎င်းမင်းသားတော် သီဝရာဂ်မင်း၊ ၎င်းမင်းသားတော်မင်းလှမွေးမင်း။ ၎င်းမင်းသားတော် နရိန္ဒစ။ ၎င်းမင်းသားတော် သိဒ္ဓကုမ္မာရမင်း။ ၎င်းမင်းသားတော်မင်းလှကြီး၊ မင်းလှငယ်ဟု နှစ်ပါးရှိတော်မူလေသည်။ ၎င်းမင်းသားတော် သလရာဇာမင်း။ ၎င်းမင်းသားတော်၏မိဖုရားနန္ဒဘီ။ ၎င်းမင်း၏သားတော်နန္ဒရိဂန္ဓဘာ။ ၎င်းမင်းသားတော်စန္ဒသူရိယမင်း။

မိဖုရားဂန္ဓဘီ။ ၎င်းမင်း၏သားတော်စန္ဒာသူရိယမင်း။ မိဖုရားခန်ဘီ ၎င်းမင်း၏သားတော် သူရနန္ဒာမင်း မိဖုရား သုရနန္ဒာ။ ၎င်းမင်း၏ သားတော်သည် မင်းဆက်အဆုံမ်း၌ မင်းဆက်ကံရာဇာကြီး အနွယ်တော် (၂၈) ဆက်ရှိလေသည်။

၂၅။ ဓညဝဒီမြို့တည်လျက် ထို့နောက်၎င်းမဟာနွယ်မင်းတို့၏အနွယ်တော်မင်း ဝေသာလီကျောက်လှေကား ဆက်အဗိရာဇာမင်းနန်းတက်တော်မူလေသည်။ မြို့နှင့်ဆက်လျက်နေကြသော ထိုအခါသားတော်စန္ဒိမာ။ မိဖုရားစန္ဒရာသီ။ မင်းဆက်တို့၏အကြောင်း။ ၎င်းမင်းသားသီရိစန္ဒမင်း။ မိဖုရားမာရာဘီ။ ၎င်းမင်း ညီတော် ဟာရမင်းမိဖုရားဝိသုမိဘီ။ ၎င်းမင်းသားတော်သီဟာနုမင်း။ မိဖုရားစမ္ပာဘီ။ ၎င်းမင်းသားတော်ပယာကမင်း။ မိဖုရားရောဟာနန္ဒီ။ ၎င်းမင်း သားတော်နီလဂုဏမင်း မိဖုရားမာနုဘီ။ ၎င်းမင်းသားတော် ရောဟာဂုနီ မင်း။ မိဖုရားရောဟာနံဘီ။ ၎င်းမင်းသားတော် သီရိဂုနမင်း။ မိဖုရားသမာဘီ။ ၎င်းမင်းတူတော် သမန်ဇာမင်း မိဖုရားဂန္ဒာဘီ။ ၎င်းမင်းသားတော် ကုမ္မာ ရမင်း မိဖုရားဘာသုဝ။ ၎င်းမင်းသားတော်သက်ကီဖြူမင်း မိဖုရားဂီရိ ကုမ္မာရီ။ ၎င်းမင်းသားတော်သတင်းဦး မိဖုရားမာလာရန်။ ၎င်းမင်းသားတော် ဇေတဝန် မိဖုရားလာဏာရီ။ ၎င်းမင်း သားတော်မဉ္ဇိယပါမင်း မိဖုရားသီဒါရ။ ၎င်းမင်းသားတော်ကုမ္မာရဝိသုကမင်း မိဖုရား ရွှေဇင်းကြန်။ ၎င်းမင်းသား တော်ဝါသုမဏ္ဍလမင်းမိဖုရားမဉ္ဇူနာရီ။

ဂင်္ဂယျာဥ် ၎င်းမင်းသားတော်သူရိန္ဒမင်း ။ ၎င်မင်းညီတော် ရာလမစကုမင်း။ ၎င်းမင်းသားတော် နာလမယုမင်း မိဖုရားဝါသုမ။၎င်းမင်းသားတော်ဝခေကုန်မင်း မိဖုရားသမ္ပာဘီ။ ၎င်းမင်းသားတော်ဝိသုရာဇာမင်း မိဖုရား ကာကသုဏ။ ၎င်းမင်းသားတော်သီရိရာဇာမင်း၏ မိဖုရား ကုမ္မာရံ ကဖွါးမြင်တော်မူသော စန္ဒာသူရိယမင်းမြတ် မိဖုရား စန္ဒမာလာ။ စန္ဒဒေဝီ။ ကမ္မရာဒေဝီ။ မိဖုရား သုံးပါးနှင့် နန်းစန်တော်မူလေသည်။ ၎င်းမင်းသည် ဂေါဓမ္မဘုရား ပွင့် တော်မူ၍ ဘုရားကိုတော်မြတ်၏ကိုစားတော်ဖြစ်သော။ မဟာမုဏိရုပ်ရှင် တော် မြတ်ကို သွမ်းလုပ်လျက် ကိုးကွယ်တော ် မူလေသည်။ သက္ကရာဇ်(၁၄၇) ခုနှစ် ဖြစ်လေသည်။ ၎င်သက္ကရာဇ်သည်။ ဘိုးတော် အဥ္စဏမင်း သက္ကရာဇ် ဖြစ်လေသည်။ ၎င်းမင်းသားတော် သူရိယာဓိဗတိမင်း မိဖုရားသူရိယာရံသီမိဖုရားသည်။ နှစ်မရင်းသုဝဏ္ဏကလျာ တည်းဟူသော စန္ဒသူရိယ မင်းဆက်ပေါင်း (၂၄)ဆက်အဆုံး သူရိယ တိုင်းစန္ဒရာမင်း (၉)

ဆက်တွင်အဆုံမ်းမင်း စူလတညွှ စန္ဒရာမင်းဖြစ်လေသည်။ ထိုမင်းတို့သည်။ ဓညဝတီမြို့ကိုဖျက်ပြီးလျှင်။ တတိယဝေသာလီမြို့တည်၍မင်းလုပ်တော်မူကြလေသည်။ ၎င်းကိုးဆက်အဆုံမ်းမင်း၏ သားတော်ငမင်ငတုံးမင်းငယ်သည်။ အမြုထူအမြ ကူပဲဖြူမြှမ်းမင်းတို့သည် ဝေသာလီမြို့တော်၌ မင်းလုပ်လျက်ရှိနေသောကြောင့်၊ နောင်တော်ခေတ္တသင်မင်းနှင့် ပုဂ္ဂံပြည်၌။ အလောင်းစည်သူမင်းအား အကြောင်းကြားကြလေသည်။ ထိုအခါ အလောင်းစည်သူသည် ဝေသာလီ မြို့တော်သို့ချီ တက်လာပြီးလျှင်။မြူမင်းတို့ကို ဖေရှားပြီးလျှင် ခိတ္တသင်မင်းကို နန်းတင်တော်မူခဲ့လေသည်။ သက္ကရာဇ်သော်ကား (၄၁၆)ခုနှစ်ဖြစ်လေသည်။ ။သူရိယရေနုဒေါဒေါရသ ကိမ်း ဖြိုးပြီးမှ သက္ကရာဇ်ဖြစ်လေသည်။

ခိတ္တသင်မင်းသည်ဝေသာလီမြို့ အနီးကံသုံးဆင့်မြို့၌ နတ်ရွာစံလေသည်။

**စမ္ဘာဝက်မြို့နှင့်ပရိမ် မြို့တော်တို့၌မင်းဆက်တို့၏အကြောင်း။**

ထိုနောက်ငမင်ငတုံမင်းသည်။ဝေသာလီမြို့ကိုဖျက်ပြီးလျှင်။ စမ္ဘာဝက်မြို့သို့ပြောင်းတော်မူလေသည်။ သားတော် စန္ဒသင်မင်း။ ၎င်းမင်းသားတော် မင်းရင်ဖြူမင်း။ ထိုမင်းသည် ပဍ္ဍမြို့သို့ကြွတော်မူလေသည်။ ၎င်းမင်း သားတော် နာဂသူရိယမင်း။ ၎င်းမင်းသားတော် သူရိယရာဇာမင်း။ ၎င်းမင်းသားတော် ကောလိယမင်း။ ၎င်းမင်းလက်ထက်၌ မဟာမုဏိဘုရားကို ရှမ်းတို့လာ၍ ဖျက်ကြလေရာ မရနိုင်ပေး ထားခဲ့ရလေသည်။ ၎င်းမင်းသားတော် မင်းဖြူကြီး ။၎င်းမင်းသားတော်စည်သဘင်မင်း။ ၎င်းမင်း၏နောင်တော်မင်းနန်သူ။ ၎င်းမင်း၏သားတော်သည်မင်းလာတေ။ ၎င်းမင်းသားတော် မင်းကုလား။ ၎င်းမင်းသားတော်မင်းဘီလူး။ ၎င်းမင်သားတော် ဝရောင်းငှက်။ ထိုအခါအမတ်သင်ခရာသဉ် တိုင်းပြည်ကိုပုန်ကန်၍မင်းလုပ်နေသည်။ ထိုမင်းကို ဝရောင်းငှက်မင်းက ပုန်ကန်ပြီးလျှင် မိဖုရားစောစစ်နှင့် နန်းတက်တော်မူလေသည်။ ထိုနောက်နောင်တော်မင်းသံနန်းတက်တော်မူလေသည်။ ၎င်းမင်းသားတော် မင်းပတိ။ ၎င်းမင်းသားတော် လက်ျာမင်းနန် ၎င်းလက်ျာမင်းနန်သည် စမ္ဘာဝက်မြို့မှပရိမ်မြို့သို့ပြောင်းပြီးလျှင်။ နန်းစန်တော်မူလေသည်။ သက္ကရာဇ် (၅၁၅ ) ခုနှစ်ဖြစ်လေသည်။ ၎င်းမင်း၏သားတော်သီဟဘာမင်း။ ၎င်းမင်းသားရာဇာကြီးမင်း။ ၎င်းမင်းသားသာဂိဝင်ကြီး။ ၎င်းမင်းသား သာဂိဝင်ငယ်။ ၎င်းမင်း၏ သားတော်ကောလိယမင်းမြတ်သည် သက္ကရာဇ် (၅၆၂)

ခုဆပဉ္စမကိမ်းကောစာကို။ ရှင်အာရဟန် ပုဂ္ဂိုလ်နှင့်တကွ ဖြိုဖျက်ပြီးလျှင် အကြွင်းသက္ကရာဇ် (၂) ခုထားလျက် သက္ကရာဇ်တော်ပြိုလေသည်။ ထိုမင်းသည်သက္ကရာဇ်(၃၃)ခုနှစ်တွင် မဟာထီးဘုရားကို တည်တော်မူလေသည်။ ၎င်းမင်းသားတော် ဒသရာဇာမင်းမြတ်သည်။ သတိုးတော်က။ မဟာမုဏိမြရှင်တော်မြတ်ကို။ ကတညုတတောင်သို့ ပြောင်းတော်မူလေ သည်။ ၎င်းမင်းသား တော် နန္ဒ သီရိ၏ မင်းဘုန်းစားညီတော်သည်။

စမ္ဘာက်မြို့ဥ္ဓရဟန်းလုပ်နေလေသည်။ ထို့နောက် ပဍ္ဍကာဝါမင်းသည်။ခြိပ်မြို့သို့ပြောင်းလျက်ခိတ္တယာယီမင်းလုပ်တော်မူလေသည်။

၎င်းမင်းသားတော်ကိန္နရူပေ။ မင်းသည်ပရိမ်မြို့သို့သွားလေသည်။ ၎င်းမင်းသားတော် ပဥ္စုသင်းမင်းတိုင်းချစ်မင်းဟူ၏၎င်းမင်းသားတော်ရောမ်မာရ်မင်း။ ၎င်းမင်းသား တော်ငပုံဂံမင်း။ ၎င်းမင်းသားတော်ရေခိုင်မင်း။ ၎င်းမင်းသားတော်ငကြံမြင်း။ ၎င်းမင်းသားတော်ငဆုမင်း။ ၎င်းမင်းသားတော်ငဆွယ်သင်းမင်း။ ၎င်းမင်း သားတော်မင်းခေါင်ကြီး။ ၎င်းမင်းသားတော် မင်းခေါင်ငယ်။ ၎င်းမင်းသားတော်ကမ္ဘာလောင်ကြီး။ ၎င်းမင်းသားတော် ကမ္ဘာလောင်ငယ်။ ၎င်းမင်းသားတော်လကျာဝင်းကြီးမင်းသည်သက္ကရာဇ်(၄၇၀)ပြည့်တွင်ဖခမည်းတော် မင်းမြတ်နတ်ရွာလွန်၍။ သားတော်မင်းမြတ် နန်းတက်တော်မူသောအခါ။ စည်ဘတ္တရာမည်သော ပညာရှိအမတ်နှင့်မြို့ပြောင်းမည် မကြံဖြစ်တော်မူ၍ ပရိမ်မြို့တော်၌ နိမိတ်တြင်းတို့ကို ကြွေရှုတော်မူရာ။ ပရိမ်မြို့တော်၏အဥ္စဏာဒီမြစ်တဖက်၌။ တောကြက် မတကောင် သည်။ ကန်းယန်၌နေပြီးလျှင်။မြို့တော်၏ ကန်းယန်၌ နေသော အိန်ကြက်ဖကို ကျွေးကျော် ၍ခေါ် နေသောအရာကို အမတ်နှင့် မင်းသည်မြင်တော်မူကြလေ၍ နိမိတ်အားဖြင့်ကြည့်လျက် နေစည်အခါ တိုင်းပြည်ကအိန်ကြက်ဖသဉ် မြစ်တဘက်၌ကျွေးကျော်လျက်ခေါ်နေသောကြက်မအထံသို့မြစ်ကို ပြန်သမ်းလျက် လိုက်လာ ခြင်းကိုမြင်ကြ၍။ နိမိတ်ဖတ်ကြလေရာ၊ အမတ်ကကော်ံသကသည်မှာ။ ရှေးထုံးဟောင်းဓမ္မတာတရားတို့သည်ကား။ အဖိုဆောင်ရာ အမပါသည်ဟု ဓမ္မတာတရားရှိခြင်းကိုယခုအခါ အမဆောင်ရာ အဖိုပါလေခြင်းသည်။ တိုင်းပြည်နှင့်တကွငါဘုရင်မင်းမြတ်သည်။ကြက်ဖိုလ် ပြောင်းသော ဘိသကဲ့သို့ နိမိတ်ကိုယူလျက်ပြောင်းသင့်ပေသည်ဟုကောက်တော်မူ၍။ သက္ကရာဇ် (၄၇၁) ခုနှစ်တွင်။ အိန်ထောင်ဖွဲ့ခမ် ကြက်ဖကူသောခြင်းမင်္ဂလာယူကြ လျက်ပရိမ်မြို့တော်ကိုဖျက်ပြီးလျှင်၊ အဥ္စဏာနဒီ မြစ်တဖက်၌။ ကြက်မင်္ဂလာ ကိုဆောင်

တော်မူလျက်အမည်ပညာပ်မြို့တော်ကိုသမုပ်အပ်သဉ်ကာ လောင်းကြတ်မြို့ဟု တည့် တော်မူ ၍။ နန်းစန်တော်မူလေသည်။

၂၇။ **လောင်းကြက်မြို့၌မင်းဆက်တို့၏အကြောင်း** ငင်းမင်း၏ သားတော် လကျ်ာဝင်းငယ်။ ငင်းမင်း၏သားတော်သနသင်းမင်း ငင်းမင်းသား၏သားတော်နေသိမ်မင်း ။ ငင်းမင်းသားတော်နေလုမ်မင်း။ ငင်းမင်းသားတော်အလောမာဖြူမင်း။ ငင်းမင်းသည်တကိုလုံမ်ဝါဂွမ်းကဲ့သို့ဖြူစင်နုညမ့်သောအမွဲးတို့သည်။ ပေါက်ရှိလေသောကြောင်း၊ အလော်မာဖြူမင်းဟုခေါ်ကြလေသည်။ ငင်းမင်းသားတော်ရာဇာသူကြီးမင်း။ ငင်းမင်းသားတော်မင်းစောလုး။ ငင်းမင်းသားတော် အုဇ္ဇနာကြီးမင်း။ ငင်းမင်းသားတော် စောမွန်ကြီး။ ငင်းမင်းသားတော်နန်းကျားကြီး။ ငင်းမင်းသားတော်မင်းဗီးလုး။ ငင်းမင်းသားတော်စည်သဘင်။ ငင်းမင်းညီတော်မင်း ထီးမင်းမြတ်သဉ်အသက်တော် (၇)နှစ်တွင် နန်းတက်တော်မူလေသည်။ ငင်းမင်းသားတော်ဥဇ္ဇနာငယ်။ ငင်းညီတော်သီဝရာဇ်မင်း။ ငင်းမင်းညီတော်သိမ်းစည်းမင်း။ ငင်းမင်းသားတော်ရာဇာသူမင်း။ ငင်းမင်းသားတော်စည်သဘင်ကြီးမင်း။ ငင်းမင်း၏အနွယ်တော်မြင်စဉ်ကြီးမင်း။ ငင်းမင်းအနွယ်တော်ရာဇာသူမင်း၊ငင်းမင်းညီတော်သိင်္ဂသူမင်း။ ငင်းမင်းသားတော်သင်္ဃရာဇာကြီးမင်း။ မိဖုရားမြတ်ယျည်သာ။ ငင်းမင်း၏သားတော်ဝရဓမ္မမင်း။ ငင်းမင်း၏ သားတော်နရနုမင်း။ ညီတော်နရမိတ် လှမင်းနှစ်ပါးတို့သည်။သက္ကရာဇ်(၇၆၃)နှစ်တွင်ဖခည်းတော်မင်းမြတ်နတ်ရွာတော်မူလေ၍။ သားတော်ကြီး နရနုမင်းသဉ်နန်းတက်တော်မူပြီးလျှင်။ညီတော်နရမိတ်လှကို ဒွါရာဝတီသံတွဲးမြို့ကို ပေအပ်တော်မူလေသည်။ ထိုအခါ နရနုမင်းအားတလိုင်းရာဇာဒရိုက်မင်း အမတ်ကြီးသွီးတော်ရွှေဆုံနှင့်လှေ့ပတ်လျက် ဘုရင်မင်းအားဆက်တော်မူပြီးလျှင်၊ တိုင်းရင်း၌ရှိသော အမတ်တို့နှင့် ဘုရင်မင်းနှင့်သဘောမမျှစေခြင်းငှါ မိဘုရားရွှေဆုံ ကကြံရွှေလျက်။ ထိုတိုင်းရင်းအမတ်ပညာရှိတို့ကို ညီတော်နေသောဒွါရာဝတီမြို့သို့ ဘုရင်မင်းအမိန့်အာနာဖြင့် ပြောင်းရကြလေသည်။ ထိုအခါ လောင်းကြက်မြို့တော်၌၊ တလိုင်းအမတ်ကြီး ဖေါင်တေဇာ၊ လကျ်ာကြီး၊ တလိုင်းမောင်ခွင်တို့ကို တိုင်းပြည်၌ အမတ်ပညာရှိပြုလုပ်လျက်ထားတော်မူလေသဉ်။ ထိုအခါ ငင်းအမတ်ကြီးတို့သည် တိုင်းပြည်ကို မိမိတို့လက်သို့ရောက်သောအခါ၊ မိမိတို့၏ဘုရင်တလိုင်း ရာဇာဒရိုက်မင်း ကိုစာလွှာဖြင့်လောင်းကြက်မြို့ကို သိမ်းပစ်တော်မူရမ် စေလွှတ်တော်မူပြီး၍ ၄င်းမင်းသည် ချီတက်တော်မူလာပြီးလျှင် လောင်းကြက်မြို့တော်ကို သိမ်း

ပစ်တော်မူ၍။ ၎င်းတိုင်းပြည်ကိုထိမ်းသိမ်း စောင့်ရှောံအုပ်ချုပ် စေရမ်၊ အထက်ဆိုခဲ့သော တလိုင်းအမတ်သုံးယောက်တို့၏လက်သို့ သက္ကရာဇ် (၇၆၆)ခုနှစ် ကောဇာတွင်မြို့ပျက်၍။ နရနုမင်းသည် အိန္ဒြိယတိုင်းဒီလီမြို့တော်ကို အုပ်စိုးစန်နေတော်မူသော။ ရှမ်ပါသျှာမင်းအထံ၌ စစ်ပန်တော်မူပြီးလျှင်၊ ၎င်းမင်းမြတ်သည်ချီတက်တော်မူလာပြီးသော်။ လောင်းကြက်မြို့တော်၌ တလိုင်းအမတ်ကြီးတို့ကို ဖေရှားသုပ်သင်တော်မူပြီးလျှက်။ ဘုရင်နရနုမင်းစောမွန်အား ၎င်းမြို့တော်၌ မင်းအဖြစ်ဖြင့် အပ်တော်မူလေသည်ကား သက္ကရာဇ် (၇၆၇) ခုနှစ် ဖြစ်လေသည်။

**လောင်းကြက်မြို့ကိုဖြို ဖျက်၍မြောက်ဦးမြို့တော် တည်ပြီးလျှင်နန်းစန်တော် မူသော မင်းတို့၏အကြောင်း**

ထို့နေံသက္ကရာဇ်(၇၉၂)ခုနှစ်တွင် လောင်းကြက်မြို့၏ နန်းတော်၌။ မိုဃ်းကြိုးပြတ်း ကျခြင်း၊ ငန်းကျား မြွေကြီး နန်းတော်ထက်သို့ တက်ခြင်း၊ ၄က်ဆိုး ဌက်ယုတ်နားဝင်ခြင်းဖြင့် ဖြစ်လေသောကြောင့်။ ဆိုခဲ့သောကောဇာသက္ကရာဇ်တွင် မြို့ပြောင်းတော်မူ၍ နန်းတည်တော်မူရပ်ထာနကို ရှာတော်မူသည်။ အမတ်ပညာရှိနှစ်ယောက်တို့သည် ရကြိုင်တော၌ဆစ်မျှောကြလေလျှင်။ ၎င်းတောတွင်ပြဝါသစ်ပင်တွင်အထက်ဖျား၌ ဒေါင်းတမအသစ်တွင်ဦးလျက်ဝပ်နေလေသည်။ ၎င်းတော၏သစ်ပင်၌လည်း မျောက်တဂေါင်ထိုင်နေခြင်းများကို ကြည့်နေရာ၊ ၎င်းမျောက်သည် ဒေါင်းသစ်ကဦးကိုယူဆောင်ပြီးလျှင် မြေကြီး၌စွမ့်လေသည်၊ ထိုသို့ပြုခြင်းကို မြင်၍ ပညာရှိတို့နိမိတ်ကောက်လေရာ မျောက်မှာရာမ။ ဒေါင်းမှာမူလဖြစ်လေသည်နှင့်၊ ငါတို့ ့မင်းလည်း၊ ကြာသာပဒေးသား၊သစ်လည်းပြဝါသစ်။ မျောက်လည်းကြသာပဒေး၊ ဒေါင်းစနေနံဖြစ်လေ၍။ နံဂြိုမ်အားဖြင့် (၁၀) ဆက်တွင်အဓိပဓိမင်းပေါ်စရာရှိလေသည်။ မျောက်လက်ထက်၌ ဦးကိုပိုင်သည်နှင့် မြောက်ဦးဟုခေါ်သင့်ပေသည်။ ၎င်းမြို့တော်ကို ဖြိုဖျက်ပြီးလျှင်၊ မြေဝံဦးမြို့တော်ကို မြို ့တည်နန်းတည်တော်မူ၍။ နရနုမင်းစောမွန်သည်နန်းစန်တော်မူလေသည်။ ၎င်းမင်းသက္ကရာဇ် (၇၉၄) ခုနှစ် နတ်ရွာလွန်၍၊ ညီတော်နရမိတ်လှမင်းခရီသည် မိဖုရားစောပြည့်ညိုနှင့် နန်းတက်တော်မူလေသည်။ ထိုမင်းမြတ်သည်၊ လောင်းကြက်မြို့တော်ဟောင်းက။ စန္ဒောရာမသာသနာပိုင်သင်္ဃာတော်မြတ်ကို တပဉ့်ရဟန်းတော် (၁၀၀၀) နှင့်တကွပင့်ဖိတ်ပြီးလျှင် မြောက်ဦးမြို့တော်၌။ တိုက်တော်ဖွဲ့စည်းပြုလုပ်လျက် ကိုးကွယ်တော်မူလေသည်။ ထိုအခါ မှတ်လေးတန် စေဒီတော်

မြတ်နှင့် မြတန်းဆောင်စေဒီတော်မြတ်နှစ်ဆူကိုလည်း။ တည်တော်မူ လျက်ကိုး ကွယ်တော်မူလေသည်။ ထို့နောံ သက္ကရာဇ်(၈၂၁) ခုနှစ်နတ်ရွာလွန်တော်မူ၍။ ဖစောဖြူစောမွန်မင်းသည် နန်းတက်တော်မူလေသည်။ ၎င်းမင်းကိုကလမသျှာ လည်းဟူ၍ ခေါ်ကြကုန်သည်။ ၎င်းမင်းသည် သက္ကရာဇ် (၈၄၄) ခုနှစ်တွင် နတ်ရွာလွန်တော်မူ၍။ ၎င်းမင်း၏သားတော် မင်းဒေါလျှာစောမွန်မင်း နန်းတက်တော်မူလေသည်။ ၎င်းမင်းကို မောင်ခုလျှာလည်းဟူ၍။ ခေါ်ကြလေသည်။ ထို့နောက်သက္ကရာဇ် (၈၅၄) ခုနှစ်နတ်ရွာလွန်တော်မူလေ၍။ ပထွဲတော် ဖစောညိုမင်းစောမွန်သည် နန်းတက်တော်မူလေသည်။ ၎င်းမင်းကို မဟာမတ်သျှာလည်း ခေါ်ကြလေသည်။ ထိုမင်းသည်သက္ကရာဇ်(၈၅၆)ခုနှစ် နတ်ရွာလွန်တော်မူ၍။ မင်းရမ်အောင်မင်းစောမွန်သည် နန်းတက်တော်မူလေသည်။ ၎င်းမင်းကိုရှိသျှာလည်း ခေါ်ကြလေသည်။ ၎င်းမင်းမြတ်သည် ထူပါရုမ်တိုက်တော်နှင့်။ တောင်ညိုတိုက်တော်တို့ကိုဖွဲ့စည်းပြုလုပ်လျက်။ သဃ်ာတော်မြတ်တို့အား။ ကိုးကွယ်တော်မူလေသည် ထိုအခါ ဒီပါရုမ် စေဒီတော်မြတ်ကိုလည်း တဥ်ထားကိုးကွယ်တော်မူလေသည်။ ၎င်းမင်းသည် သက္ကရာဇ်(၈၆၃)ခုနှစ်တွင် နတ်ရွာလွန်တော်မူ၍။ သိန္ဓသူမင်းစောမွန်သည်နန်းတက်တော်မူလေသည်။

၎င်းမင်းကိုဒေါလာသျှာဟုလည်းခေါ်ကြသည်။ ၎င်းမင်းမြတ်သည်တေဇာရာမတိုက်တော်နှင့်တေဇာရာမ မဟာစေဒီတော်မြတ်တဆူ တည်တော်မူပြီးလျှင်၊ သဃ်ာတော်မြတ်တို့နှင့်တကွ ၎င်းစေတီတော်မြတ်ကို ပူဇော်ရဟပြုတော် မူလေသည်။ ထိုအခါ၎င်မင်းမြတ်၏ သျှီးတော်အနော်ဇာ မင်းသျှီးသည်။ ထူပါရုမ်ကျောင်းတိုက်တော်၌ ကိုစားတော်ဖြစ်သော ဘုရားရုပ်ပွါးတော်မြတ်တဆူ အနော်မာဘုရားဟု မဟာသိမ်တော်ကြီးဆောက်လုပ်လျက်ကိုးကွယ်တော်မူလေသည်။ ၎င်းမင်းမြတ်သည် သက္ကရာဇ်(၈၈၅) ခုနှစ်တွင်နတ်ရွာ လွန်တော်မူလေ၍။ မင်းလုရာဇာ မင်းစောမွန်သည် နန်းတက်တော်မူလေသည်။ ၎င်းမင်းမြတ်၌သားတော်ဂဇာ့ာပဒိ။ ဖစောသီရိဟု သားနှစ်ယောံရှိလေ သည်။ ထိုအခါ တောင်စည်ခရိုင် လမုခြီမင်းပြင်အရပ်၌။ သူပုံးထကြွ၍သား တော်အငယ် ဖစောသီရိကိုဖြိုဖျက်ရမ်လွှတ်တော်မူလေ၍။ ရမ်သူတို့ကို အောင်မြင် တော်မူခြင်းကြောင့်။ ၎င်နေရပ်ကိုမြို့စား ပေးအပ်တော်မူလေသည်။ ၎င်းမင်းမြတ်သည် သက္ကရာဇ် (၈၈၆) ခုနှစ် နတ်ရွာစန်လွန်တော်မူလေ၍။ သားတော်ကြီး ဂဇာ့ာပဒိ မင်းစောမွန်သည် နန်းတက်တော်မူလေသည်။ ထိုအခါ ပရိမ်မြို့တော်ဟောင်းက။ ဒေါ်ဒေါ်ရာဇာ

ဟုခန်ပြီးလျှင်မြောက်ဦးမြို့တော်ကို ပုန်ဂန်လေ၍။ ၎င်းဂဏ္ဍာပဒီ မင်းစောမွန်သည်။ ဝေသာလီကျောက်လှေကားမြို့တော်ဟောင်းမှ (၇)ရက်ထွက်ခွါလျက် တိန်းရှောင်ပြီးလျှင်နေလေသည်။ ထိုအခါညီဖစောသီရိမင်းပြင် စားသည် ကြားသိတော်မူလေလျှင် ရမ္မဝဒီ၊ ဒွါရာဝဒီမြို့တော်ဟောင်းတို့၌ ရှိကြသော လူများတို့ကိုဆင့်ဆိုခေါ်ဆောင်စုရုမ်းပြီးလျှင် မြေဲဦးမြို့တော်၌။ ဒေါဒေါရာဇာ သက်သူပုံးကို။ နှိမ်နင်းပိပြား သုပ်သင်ရှင်းလင်းတော်မူလေပြီးလျှင်။ နောင်တော်ဂဏ္ဍာပဒိမင်းအား မြို့တော်ကိုအပ်နှင်းတော်မူလေသည်။ နောင်တော်မြတ်လည်း ညီတော်အားမြို့တော်၌ ရပ်တော်ဈေးစားကျဲးကိုအပိုင်စားပေးအပ်တော်မူပြီးလျှင်။ မြို့တော်၏အတွင်း၌ ပန်းဈေးမြောင်းကျုံမ်းတော်၌။ အိန်ရွှေစန်အဖြစ်ဖြင့်။ အိန်တော်မင်္ဂလာနှင့်ထား တော်မူလေသည်။

ထိုနောက်နောင်တော်မြတ်သည်သက္ကရာဇ်(၈၈၇)ခုနှစ် နတ်ရွာစံတော်မူလေ၍ ပထွေးတော်ဇလတ္တာမင်းစောမွန်သည် နန်းတက်တော်မူလေသည်။

၂၉။ဇလတ္တာမင်းစောမွန်
နှင့်သဇာတာမင်းတို့၏
အကြောင်းနှင့်ဖစောစောမွ
သီရိမင်းပြာစားအိန်ရွှေစန်
၏အကြောင်း။

ထိုဇလတ္တာမင်းစောမွန် လက်ထက်တော်၌ မြို့တော်တွင် တပေါင်ပေါ်လေရာတွင် ခရမ်းသီး လက်ကောက် ပြောင်ပြောင်တောက်။ ဇီးမာဝေ လောင်းဗွန်ပြောက်ဟု မြို့ရွာတို့တို့၌ သူငယ်တို့နှုပ် ဖျား၌ဟစ်အော်ခြင်းကို ကြားလေရာ။ ဖစောသီရိ အိန်ရွှေစန်သည် အမတ်ပညာရှိတို့နှင့် တိုင်ပင်နှီးနှောပြီးလျှင်၊ ကောင်းသောနိမိတ်ကိုဆောင်တော်မူ၍။ မြတန်းဆောင်၏ စေဒီတော်မြတ်၏အနား၌။ မြတန်းဆောင် တိုက်တော်ဟုနိမိတ်ယူတော်မူလျက်၊ ဒီပအောင်မြေနင်းရုံ မင်္ဂလာကို အတည်ပြုတော်မူပြီးလျှင် ဒီပါရုမ်စေဒီတော်အနား၌။ လောင်ပန်းပြောက် စေဒီတော်ဟုတည်ထားကိုးကွေတော်မူလေသည်။ ထိုအခါဇလတ္တာမင်းစောမွန်သည်။ ကြားသိတော်မူလျှင်။ သားတော်ဖစောသီရိမင်းအား တိုင်းပြည်မှထွက်ခွါလျက်နေစေရမ်။ ဒွါရဝဒီသံတွဲမြို့သို့ပြောင်းရွှေ့တော်မူလေ၍။ ၎င်းအိန်ရွှေမင်းသည်။ သံဖွဲ့မြို့၌နေရလေသည်။ ထို့နောက်သက္ကရာဇ်(၈၈၉)ခုနှစ်တွင် ဇလတ္တာမင်း နတ်ရွာလွန်တော်မူ၍။ ညီတော်သဇာတာမင်းစောမွန်သည် နန်းတက်တော်မူလေသည်။ ထိုလက်ထက်တော်၌မြို့တော်တွင်တပေါင်ပေါ်တော်မူရာတွင်၊

ငြွပ်လှေသုံးဆယ်ရှေကတည် ကြန်စေကောင်းခြင်း သံဒွဲမင်း ပေါ်လိ မည်လည်း တော်သလင်း။ သံတွဲမြွေဟောက် အစွယ်ပေါက် လက်ကောက်ဝပ်

လောက်ပြီး။ မြောက်ဦးရွှေနန်း တောင်သာစွမ်း နဂါးမောက်ကြီးဖြန့်လိမ့်မည်ဟု တပေါင်ပေါ်တော်မူလေသည်။ ထိုအခါအမတ်ပညာရှိတို့နှင့် တိုင်ပင်တော်မူပြီးလျှင်။ ကိမ်ယတ္တရာဖြင့် ချေတော်မူလို၍နန်းတော်ကို ဘဟိုထားလျက်။ သတ္တရဖန်တောင်စည်ခုနှစ်လုံးရမ်ပတ်ကုန်လျက်ရှိတော်မူသောတောင်ထိပ်တို့၌စေဒီတေတော်မူရာတွင်။ နန်းတော်မြောက် ဖိုးခေါင်တောင်ထိပ်ဝယ်။ ရမ်တော်အောင်ဘုရာတည်းတော်မူလေသည်။

အရှေဖက်၌နိပ်ဘူဇာတောင်ထိပ်ဝေနိပ်ဘူစာဘုရားတည်တော်မူလေသည်။ တောင်ဖက်၌မြတောင်ထိပ်ဝေဖိုဟ်ပြိုဘုရားတည်တော်မူလေသည်။ အနောက်ဖက်၌ စန်ကားတောင်ထိပ်ဝေ ဆုတော်ပန်ဘုရားတဉ်တော်မူလေသည်။ ရာဟုဒေါင့်၌ ရှက်ကားတောင်ထိပ်ဝေ။ သက်တော်ရှေ ၊ သက်တော်ရာဘုရားတည်တော်မူလေသည်။ စနေတောင့်၌ဝသဲးတောင်ထိပ်ဝေ။ ကြက်လျှာတောင်ဦးတွင် ဝသဲးဘုရားတည်တော်မူလေသည်။ မလေးတောင်ထိပ်ဝေ၊ လက်ကြွယ်တော်ခါပ်ပထိုး တည်တော်မူလေသည်။

ထိုကဲ့သို့သတ္တရဖန် တောင်စဉ်ခုနှစ်လုံးတို့၌ တဉ်ထားတော်မူလေခြင်းကြောင့်။ ဘုရင်မင်းမြတ်သည်နန်း ၏စေ့စိမ်ကို ခံစားလျက်သက္ကရာဇ် (၈၉၃) ခုနှစ်တော်သလင်းလဝသံဒမိုးရာသီ၌နတ်ရွာလွန်တော်မူရလေသည်။ သို့မဟုတ်လျှင်ရင်းဘုရင်မင်းသည် ယာယီမင်းအဖြစ်ဖြင့်ခြောက်လသာလျှင်နန်း၏စေ့စိမ်ကိုခန်စားခြင်း၌ရှိတော်မူသဉ်ဟု။ ပရောဟိပ်အမတ်တို့ ဟောပြော၍ယတ္တရာပြုလျက်။ လေးနှစ်နန်းစန်တော်မူရလေသည်။ ထိုအခါ သံဒွဲးမြို့စားဖစောသီရိမင်းဗါသည် မြို့တော်ကိုသိမ်းပိုက်ပြီးလျှင်။ နန်းတက်တော်မူလေသည်။ ထိုအခါ စောမွန်ဆယ်ဆက်လွန်မြော်ခြင်းဖြင့်။ ဒေါင်းစနေမင်းဗါနန်းတက်တော်မူလေသည်တည်း။

၃၀။တိုင်းပြည်ဖွဲ့တော်မူရံ မဟာသမဒမင်းမျိုးနွယ်လာဝန်သတို့သည်။ အရာမသာဂရမင်းမြတ်သည်မဂ္ဂ ကသော တိုင်းခရိုင်နိုင်ငန် တော်တို့ကို။အသီးသီးသော ဒရိုက်တိုင်းမှထွက်တော်မူ လား၍ဖွဲ့စဉ်းတော်မူကြသောအခါ မဂ္ဂဒရိုက်တိုက်၊ လာသောအကြောင့်ရခိုင် မဂ္ဂဒေဝမင်းမြတ်၏ ။ မြေးတော်ဖြစ်တော်မူသောသာဂရအမျိုးလေးပါးတို့သည်ဖြစ် မင်းမြတ်သည်တိုင်းဖွဲ့ တော်မူရမ်မဂ္ဂဒရိုက်တိုင်ပြည်မှ။ ပေါ်ခြင်းဖြင့်ဖေါ်ပြချက်။ မြောက်စူးစူးအရပ်သို့လူပိုလ်ခြယ် (၁၀၀၀၀)နှင့် တကွ။

ရသေ့မုဏိဆရာမြတ်တို့နှင့်စုံလင်စွာတိုင်းပြည်မှထွက်ခွါလျက် ချီတက်တော်မူကြရာတွင်။ ဂစ္ဆဖနဒီမြစ်လက်ဝဲကန်းယန်ဝယ်။ အလွန်ရေတာမြေတာဖြင့် ချိုင့်ဝှမ်းသောတောအုပ်သို့ ကျရောက်တော်မူကြရာတွင်၊ထိုနေရာ၌တန့်ရပ်တော်မူကြပြီးလျှင်။ ထိုတောတောင်တို့၌ပေါက်လျှက်ရှိသောခြံမြန္တယ်သစ်ပင်များတို့တွင်။ သီးပွင့်ရှိသောသစ်သီးသစ်ပွင့်သစ်နုများတို့ကို။ ဆွပ်ခူးလျက်စားသောက်ကြသော်။ အလွန်တရာပျားလတို့ကဲ့သို့ ချိုမြိန့်သောအရသာနှင့်ပြဍ့်စုံလေသည်ကိုသိတွဲ့ရ၍။ ဆရာရသေ့ မုဏိမြတ်တို့သည် မြင့်မြတ်သော အရာ ထာနကိုသိတော်မူလျက်။ ဤနေရာသည်ကား ဦးခုသုံးပါးနှင့်ညီညွှတ်သောကြောင့်။ မြေဆီမြေသြဇာတို့သည် တိုးတက်လျက်ဖြစ်ရှိသောနေရပ်ဖြစ်ပေသည်။ ဤနေရာ၌ တိုင်းခရိုင် နိုင်ငန်မြတ် ဖွဲ့စည်းပြုလုပ်တော်မူလျှင်၊ အလွန်တရာစည်ပင်သာယာဝပြောသဖြင့် ၎င်း။ လူသတ္တဝါအပေါင်းတို့သည်လည်း ကာပ်သုံမွါးမှကင်းကွာပြီးလျှင်။ ဆယ့်ခြောက်ပါးသော ဘဲးဉပါတ်အံဒြယ်အပေါင်းတို့သည်လည်း ကင်းကွာပြီးလျှင်။ ချမ်းသားခြင်း၌ရောက်စေရာသောနေရာ ဖြစ်ပေသည်ဟု နိမိတ်ကိုရသေ့မုဏိမြတ်တို့ကဆောင်ယူတော်မူပြီးလျှင်။ ထိုနေရာတွင်ပင်လျှင်။ ခုပ်ထွင်ရှင်းလင်းတော်မူပြီးလျှက်။ ထီးနန်းစစ်ထူတော်မူရမ် ရသေ့မုဏိမြတ်တို့ကအတည်ပြုတော်မူကြလေသည်။

<u>**အထူးဖေါ်ပြချက်**</u>

**၁။ရခိုင်အမျိုးလေးပါးတို့ သဉ်ရှေဦးစွာမင်းနှင့်တကွ တိုင်းပြည်ဖွဲ့စဉ်တော်မူခြင်း အကြောင်း။**

ထိုသို့အတည်ပြုတော်မူပြီးသည်မှ။ လူဗိုလ်ခြယ်။ ၁၀၀၀၀ တို့နှင့်တကွခုပ်ထွင်ရှင်းလင်းတော်မူပြီးလျှင်။ ရသေ့မုဏိမြတ်တို့သည် ထီးနန်းစစ်ထူးလျက်။ မြို့တည်တော်မူရန်မှာ။ ဗုဒ္ဓဟူးဂြိုဟ်မင်းသည်အုပ်စိုးသောနေ့၌စီမန်တော်မူသည်မှာ အချိန်နာရီပါတ်ဘီဇနာကောင်းသောအခါတော်များကိုရွေးချေပြီးလျှင်။ ထီးနန်းစစ်ထူတော်မူပြီးလျက် တိုင်းခရိုင်နိုင်ငန်တော်ကိုလည်းနေပယ်သပ်မှတ်လျက်။ ဖွဲ့စည်းစီမန်ပြုလုပ်တော်မူလေသည်။ ၎င်းမဂ္ဂဒရိုက်တိုင်းကို အစိုးရတော်မူသော မဂ္ဂဒေဝမင်းမြတ်၏မြေးတော်ဖြစ်သော။ သာဂရမင်းမြတ်သည်လည်း။ ၎င်းမင်းမြို့တော်သစ်၌နန်းတက်တော်မူလေပြီးလျှင် ၎င်းတိုင်းခရိုင်နိုင်ငန်တော်ကိုသိမ်း ပိုက်အုပ်ချုပ်လျက်။ မင်းလုပ်တော်မူလေသည်။ ထိုသို့မင်းမြှော်တော်မူပြီးနောံရသေ့မုဏိမြတ်တို့သည်။ တိုင်းခရိုင် နိုင်ငန်တော်ကို အမည်ပညာပ်သမုတ်

အပ်သော အရာတို့ကို ပေးတော်မူရုံတွင်။ ၎င်းနေရာ၌တိပ်နိမိတ် တို့ကို ဆောင်ရွက်တော်မူပြီးလျှင်။ လောက၌အမျိုးလေးပါးနှင့်တကွ ထင်ရှားစေခြင်း ၌။ အမည်ပညာပ်သမုတ်အပ်သောအားဖြင့်။ ပေးတော်မူမဉ်အရာတွင်။ ဤနေရာ၌ကား ဦစုသုံးပါးညီညွှတ်စွာရှိသောကြောင့်၎င်း။ မြေဆီမြေသား တိုးတက်လျက်။ ၎င်းနေရာ၌ အပင်အကိုင်းတို့၌လည်း အသီးအပွင့် တို့သည်ပျားလဘို့ကဲသို့ ချိုမြိန်သော အရသာနှင့်ပြည့်စုံလေသောကြောင့် ၎င်း။ ထိုမှတပါးအမျိုးလေးပါး တို့၌လည်း။ မဂ္ဂဒေဝမင်း၏အနွယ်တော် ကသက်ဆင်း၍ တရားနှင့်ညီညွှတ်စွာ စောင့်ရှောံတော်မူသော အနွယ် ဝန်သ၎င်း။ ထိုအမျိုးလေးပါးတို့သည် မိမိတို့တိုင်းပြည်မှ မြောက်စူးစူး အရပ်သို့ ထွက်ခွါလျက် ချီတက်တော်မူလာကြသောအားဖြင့်၎င်း၊ ၎င်းပြင် ထီးနန်းစစ်ထူရာ၌လည်း။ အခါပေးတော်မူသောနေ့ရက် အချိမ်နာရီတွင် လည်းဗုဒ္ဓဟူးဂြိုဟ်မင်းနှင့် ရာဟုဂြိုဟ်မင်း၏ ပြောင်လွှဲရန်နဉ်းစပ်သောအခါ နှစ် ၎င်း။ ထိုအထက်ဆိုခဲ့သောတိပ်နိမိတ်တို့ကို ကောံတော်မူပြီးလျှင်။ ယခုနေ့ က စ၍ ဤဘဒ္ဒကာပ်ပမ္ဘာပေါ်၌ ၎င်းအမျိုးလေးပါးတို့သဉ်။ မပျောမကွယ် မတိန်မကောစေခြင်းငှါ။ ရသေ့မုဏီဆရာတော်မြတ်တို့သည်။ ထိုတိပ်နိ မိတ်တို့ကိုအတည်ပြုတော်မူပြီးလျှင်။ မြို့တော်၏အမည် ပညာပ်သမုပ်အပ် သဉ်ကား။ ဥတ္တရာမဒူရမြို့တော်ဟု ခေါ်ဝေါ်သမုတ်အပ်သောအားဖြင့်ထား တော်မူလေသည်။ ၄င်အပြင်တိုင်း၏ အမည်ပညာပ်သမုတ်အပ်သည်ကား။ ဗုဒ္ဓူဂြိုဟ်မင်းနှင့်ရာဟုဂြိုဟ်မင်းတို့နံကိုဆောင်တော်မူပြီးလျှင်။ တိုင်းအမဉ်ကား ရက္ခပူရတိုင်း။ လူတို့၏အမျိုးလေးပါးအမဉ်ကား ၎င်းဂြိုဟ်မင်းနံကိုဆောင် တော်မူလျက်။ ရခိုင်မျိုးဟုအမည်နာမဝိသေသအားဖြင့်။ တရတပါးသော လူ မျိုးတို့ထက် ကဲလွှန်၍ထာတော်မူလေသည်။ ထို့နေကစ၍တိုင်း ခရိုင် နိုင် ငန်တို့သည် အစည်မပြတ်သက်ဆင်းပြီးလျှင်။ ဤဘဒ္ဒကပ်ကမ္ဘာပေါ်တွင်။ ဘု ရားလေးဆုပွင့်တော်မူသည်တိုင်အောင် ဆက်လက်ပြီးလျှင် ထီးနန်းစစ်ထူ၍ စိုးစန်တော်မူလေသည်။

၃၂။လောင်းကြတ်မြို့ ဤကမ္ဘာ၌ဂေါဓမ္မမြတ်စွာဘုရားပွင့်တော်မူ၍ပရိနိဗ္ဗါန်စန် တော်၏အကြောင်း လွှန်တော်မူပြီးနောံ ကောဇာသက္ကရာဇ်တွင်။ ခဆပဍ္ဍ ကိန်း ကောဇာသက္ကရာဇ်(၅၆၂)ခုကိုဖြိုဖျက်ပြီးနောံသက္ကရာဇ်တော် (၇၆၆) ကောဇာတွင်လောင်းကြတ်မြို့တော်ကိုအစိုးရတော်မူသော ဝရဓမ္မမင်းမြတ်၏

သားတော်ဖြစ်သော နရနု၊ နရမိတ်လှဟု နောင်တော် ညီတော်နှစ်ပါးရှိသည်အရာတွင် နောင်တော်နရနုမင်းမြတ်သည် တိုင်းပြည်ကိုစိုးစံတော်မူလေသည်။ ညီတော် နရမိတ်လှကို။ သံတွဲမြို့ကိုအပိုင်စား ပေးအပ်လျက်ထားတော်မူလေသည်။ ထိုအခါနောင်တော်နရနုမင်းမြတ်သည် တိုင်းခရိုင်နိုင်ငံတော်ကိုစိုးစံလျက် နေတော်မူသောအခါဝယ်။ ပဲခူးဘုရင်မင်းရာဇာဓိရိုက်သည်။ လောင်းကြက်မြို့တော်ကို တိုက်ဖျက်တော်မူပြီးလျှင်။ ၎င်းမြို့ တော်ကိုအပိုင်သိမ်းပိုက်တော်မူ၍ ။ ၎င်းဘုရင်၏အမတ်ကြီး တလိုင်းမောင်ခွင်၊ ဖေါင်တေဇာ၊ လက်ျာကြီးတို့ကို။ လောင်းကြက်မြို့တော်၌။ ထိန်းသိမ်း အုပ်ချုပ်တော်မူစေရာသည်။ ထိုအခါလောင်းကြက်မြို့တော်ရှင် နရနုမင်းမြတ်သည်။ မိမိတိုင်းပြည်မှတိန်းရှောင်ထွက်ခွါသောပြီးလျှင်။ အိန္ဒိယတိုင်း ဒီလီမြို့တော်ရှင် ရှမ်ပါသျှာဘုရင်မင်းမြတ်ထံ၌ နရနုမင်းမြတ်သည်စစ်ပန်တော်မူလေသည်။ ထိုဘုရင်မင်းမြတ်ကလည်း။ နရနုမင်းအား အမိန်အာနာချမှတ်တော်မူရာတွင်။ အကျီတော်မင်းမြတ်သည်။ အကျွန်နုပ်ထံရံတပိုစာချုပ်ဖြင့်ပြုလုပ်တော်မူရပေလိမ့်မည်။ အကြောင်းမှာ အကျီတော်နရနုမင်းသည်။ လက်အောံခန် မွန်မင်းအဖြစ်ဖြင့် နိုင်ငံတော်ကိုသိမ်းပိုက်အုပ်ချုပ်မင်းလုပ်တော်မူစေရာသည်။ ထိုမှတပါး အကျီတော်မင်းမြတ်တို့၏ ဘဲလောင်းတော်ဘီးလောင်းတော်တို့အပိုင်သိမ်းပိုက်လျက်ရှိတော်မူသော။ ဘင်္ဂါတဆယ်နှစ်မြို့များတို့နှင့် ရောင်ဖြူရေရိုးတစိတ်ထိ နယ်ပယ်များတို့ကိုလည်း။ ၎င်းဘုရင်မင်းအား အပိုင်သိမ်းပိုက်လိုလျက် အပ်နှင်းတော်မူစေရမည်ဟု အမိန်အာနာချမှတ်တော်မူသည်အတိုင်း။ လောင်းကြက်မြို့ဘုရင်နရနုမင်းအား သဘောတူတော်မူ၍။ ရမ်တပိုလ်စာချုပ် ပြုလုပ်တော်မူကြပြီးလျှင်။ ရှပ်ပါသျှာမင်းသည် စစ်ဗိုလ်တော် ဒုံမ်းခင်ကို စစ်သည်တော် (၁၀၀၀၀) နှင့်တကွ နရနုမင်းအားအပ်နှင်းတော်မူလေသည်။ နရနမင်းမြတ်သည်လည်း စစ်သည်တော်တို့နှင့်တကွ။ လောင်းကြတ်မြို့သို့ချီတက်တော်မူလေရာ။ နရနုမင်း၏ညီတော် သံဒွဲစားနရမိတ်လှမင်းသည်။ ကြားသိတော်မူ၍ တောင်စည်ခုနှစ်ခရိုင်၌ရှိသော လူများတို့ကိုဆင့်ဆိုခေါ်တော်မူပြီးလျှင်။ စစ်သည်တော်ရွေးကောံလျက် စစ်သည် (၁၀၀၀၀)နှင့်တကွ ညီတော်မင်းမြတ်လည်း လောင်းကြတ်မြို့တော်သို့ ချီတက်တော်မူလာ၍။ ညီနောင်မင်းနှစ်ပါးတို့သည်။ ၎င်းမြို့တော်သို့ကို သိမ်းပိုက်အုပ်ချုပ်ရှိသော တလိုင်းအမတ်ကြီးတို့ရမ်ကို နှိမ်နင်ပိပြားစေခြင်းငှါ၊ တွန်းလှန်ဖြိုဖျက်တော်မူပြီးလျှင်။ အုပ်ချုပ်ရှိသော

အမတ်တို့ကို ဖေရှားသုပ်သင်တော်မူ၍။ ၎င်းမြို့တော်ကို နရနုမင်းမြတ် သည် သိမ်းပိုက်တော်မူလေသည်။ ၎င်မြို့တော်၌ မင်းလုပ်တော်မူသော အရာတွင်။ အထက်ရမ်တပိုလ်စာချုပ်ပြုလုပ်တော်မူခဲ့သည်အတိုင်း အတည် ပြုတော်မူပြီးလျှင် ရှမ်ပါသျှာမင်း၏ လက်အောက်ခန် မွန်မင်းအဖြစ်ဖြင့် လောင်းကြတ်မြို့တော်၌ထပ်မန်လျက် သိမ်းပိုက်အုပ်ချုပ်မင်းလုပ် တော်မူလေသောနှစ် ကောဇာသက္ကရာဇ်သော်ကား (၇၆၈) ခုနှစ်တွင်ဖြစ်လေသည်။

လောင်းကြက်မြို့တော်ကိုဖြိုဖျက်၍ မြောက်ဦးမြို့ကို တည်သောအကြောင်း

ထိုသော စိုးစန်တော်မူပြီးနော် လောင်းကြက်မြို့တော် သည် ကိမ်းခမ်းကုန်ခြင်းသို့ရောက်လေသော အရာများတို့ကို အမတ်ပညာရှိတို့အား ထင်မြင်တော်မူလေ၍ ၎င်လောင်းကြက်မြို့တော်ကို ဖြိုဖျက်တော်မူပြီးလျှင် သက္ကရာဇ် (၇၉၂) ခုနှစ်တွင်။ မြောက်ဦးမြို့တော်ကို စီမန်ပြုလုပ်တော်မူပြီးလျှင်၊ ထီးနန်း စစ်ထူတော်မူ၍ နရနုမင်းစောမွန်သည်။ တိုင်းခရိုင်နိုင်ငံတော်ကိုအုပ်ချုပ်လျက် မင်းလုပ်တော်မူသည် ညီတော်နရမိတ်လှလည်း အိန်ရှေ့စန်အဖြစ်ဖြင့် သံဒွဲမြို့တော်ကို အပိုင်လွဲအပ်လျက်စိုးစန်တော်မူစေရာသည်။ နရနုမင်းမှစ၍။ သဇာထာမင်းတိုင်အောင် မူသလမန် ရှမ်ပါသျှာမင်း၏လက်အောက်ခမ်အဖြစ်ဖြင့်နှစ်ပေါင်း (၁၂၅)နှစ်တိုင်အောင်နေရလေသည်။ ထိုအခါသက္ကရာဇ် (၈၆၃) ခုနှစ်တွင် ရှစ်ဆက်မြေံဖြစ်သော မင်းလှရာဇာ ရှီသျှာမင်း စောမွန်လက်ထက်တော်၌၎င်မင်းမြတ်၏သားတော်အကြီး ဂဇ္ဇာပဒိ ညီတော်ဖစောသီရိဟုသားတော်နှစ်ပါးထွန်းကားတော်မူလျက်၊ အထာရသ သိပ္ပ အတတ်များတိုကို အတိုင်းတိုင်းအပြည်ပြည်သို့သော လားလျက် ညီတော်ဖစောသီရိသည် သင်ကြားလျက်နေတော် မူလေသတည်း။

**<u>အထူးဖော်ပြချက်</u>**
မြောက်ဦးမြို့တော်၌ ရှမ်ပါသျှာသံအမတ်ကြီးသုံးယော်တို့သည် ၎င်းမြို့တော်၌ မဟာမတ်ဒန်သာသနာကို စည်ပင်အောင်

ထိုနောက် သက္ကရာဇ် (၈၈၇) ခုနှစ် ကိုးဆက်မြောက်သော ဇလတ္တာမင်း စောမွန်လက်ထက်တော်၌ ရှမ်ပါသျှာမင်း၏ သံအမတ်ကြီး ကာဒီမူသျှာ ဟော်နုမျာတို့သည် နိုင်ငံတော်၌ မဟာမတ်ဒန်သာသနာစည်ပင်ပြန့်ပြောစေခြင်းငှာ။ ပူလီကျောင်းတို့သည် မြို့တော်၌ အပြန့်အနှန့် တည်ထောင်ဆောက်လုပ်ကြ၍၊ မြို့တော်တွင်

လူအပေါင်းတို့အား ဟောပြောပြသလျက်၊ နေ့စဉ်မပြတ်ပြုလုပ်တော်မူလေသည်။ ထိုအခါအချို့သော ဗုဒ္ဓဘာသာလူမျိုးတို့သည် ယုန်ကြဉ်လျက် ၄င်းဘာသာ၌ဝင်၍ ၄င်းတရားကို ဆော်တည်လျက် ဖြစ်ရှိကြလေသည်။ သို့နှင့်မဟာမတ်ဒန်လူမျိုးတို့သည် နိုင်ငန်တော်၌ ဖုန်းလွှန်းစိုးမိုးလျက် ပြန့်နှန့်စွာဖြစ်ရှိလေသည်။ ဘုရင်မင်းမြတ်ကိုလည်း လက်ဆောင်ပန်နာပို့ဆက်လျက်။ ဘုရင်မင်းအား ၄င်းသန်အမတ်ကြီးတို့ကို များသောအားဖြင့် မိတ္တာသက်ဝင်လျက်ဖြစ်ရှိလေသည်။

**<u>အထူးဖော်ပြချက်</u>**

၃၂။တောင်ညိုတိုက်တော်ကအရှင်အဂ္ဂမုဏိကိုတော်မြတ်၏တပည့်။ ဖြစ်သောရှင်ငယ်ဆရာမြဝါသည်ကုလားလူမျိုးတို့ကိုပိပြားအောင်နန်းတော်သို့ဝင်၍ တရားဟောခမ်း။

ထိုနောက် ခဆပဥ္စမကိန်း ကောဇာ သက္ကရာဇ်ကိုဖြို့ဖျက်ပြီးနော်။ သက္ကရာဇ် (၈၈၇) ခုနှစ်တွင် မြောက်ဦးမြို့တော်နှစ် ကိုးဆက်မြောက်ဖြစ်သော ဇလတ္တာမင်း စောမွှန်လက်ထက်တော်၌ ကိုရမ်တော်အမတ်ကြီး ဝိမလ ပင်းဝါမြို့စားနှင့်တကွ နိုင်ငန်တော်ကို ဆောင်ရွက်သိမ်းပစ်အုပ်ချုပ်လျက်။ စန်နေတော်မူစည်အခါဝယ်။ မြို့တော်၏ မြောက်ဘက်အရပ်၌ ဘုရင်မင်းမြတ်ကိုးကွယ်တော်မူသော တောင်ညိုတိုက်တော်၌ သတင်းသုံးနေတော်မူသော။ အရှင်အဂ္ဂရဏီကိုတော်မြတ်၏ တပည့်ဖြစ်တော်မူသော ရှင်ငယ်ဆရာမြဝါသည်။ လောကီ လောကုတ္တရာ တရားနှစ်ပါးတို့ကို သင်အန်လေ့ကျင့်၍ တတ်မြောက်အောင်မြင်လျက်ရှိတော်မူလေသောကြောင့် ရှင်ငယ်ဆရာမြဝါသည်။ တိုင်းခရိုင်နိုင်ငန်တော်တို့ကို သတိမူလျက်ကြည့်ရှုတော်မူခဲ့လျှင်ရှမ်ပါသျှာမင်း၏ သန်အမတ်ကြီးသုံးယောက်တို့သည်။ မြောက်ဦးမြို့တော်၌ မိမိတို့၏မဟာမတ်ဒန်တရားတို့ကို စည်ပင်ပြန့်ပြောလျက် ထွန်းတောက်စေခြင်း၄ါ။ အမတ်ကာဒီ၌လည်း သဘော်ဆိပ်ကန်း ဘောင်းဒွင့်အရပ်၌သူတို့၏သာသနာကိုပြုလုပ်ဆောင်ရွက်ရမ် မဟာမတ် ပူလီကျောင်းကြီး ဆောက်လုပ်လေသည်။ ၎င်းပြင် အမတ်ကြီးမူသျှာ ဟော်နုမျာတို့၌လည်း ထိုနည်း တူစွာအသီးသီးဆောက်လုပ်လျက်။ မဟာမတ်တရားဟောပြောနိုင်သော ဆရာတို့ကို ဒီလီမြို့တော်က ခေါ်ဆောင်ယူလျက်။ နိုင်ငန်တော်သားများအားဟောပြောပြသတော်မူစေရာသည်။ ထိုအရာတို့ကိုရှင်ငယ်ဆရာသည် နိုင်ငန်တော်၌မြင်တော်မူ၍၊ ငါတို့ရခိုင်အမျိုးလေးပါးတို့၌ ပူဇော်ရဟာဖြစ်တော်မူ

သော။ သာသနာမြတ်နှင့်တကွ။ အမျိုးလေးပါးတို့သည် ညှိုးနွမ်းပြုန်း တိပျက်စီးခြင်းသို့ နေပြည်တော်တွင်ရောက်ရမ်ဖြစ်ရှိခြင်းကို မြင်လေသော ကြောင့်။ ၎င်းရှင်ငယ်ဆရာသည်နန်းတော်သို့ ဝင်တော်မူ၍ ညီလာခန်ဖိုလ်ဒ တွင်။ မင်းနှင့်တကွ အမတ်ပညာရှိများတို့အား ၎င်းဖြစ်သော အရာများ တို့ကိုဟောပြောပြသတော်မူစေရာသည်။

အထူးဖေါ်ပြချက်

၃၃။ရှင်ငယ်ဆရာသည်နန်း ရှင်ငယ်ဆရာသည်မင်းနှင့်တကွအမတ်ပညာရှိတို့ တော်၌တရားဟောပြောခမ်း။ အလေ၌ ဟောပြောပြသ တော်မူလေသည်မှာ။ ဒါယကာမင်းမြတ်အားသတိထားတော်မူသင့်ပေပြီ။ ယခုဒါယကာမင်းမြတ် တို့သည်။ အုပ်ချုပ်လျက်စိုးစန်တော်မူသောနိုင်ငန်တော်တွင်။ ရှမ်ပါသျှာမင်း ၏ လက်အောက်ခန်ဖြစ်လေသောကြောင့်၊ ၄င်မင်း၌အစောင့် အကျုပ် ထားတော်မူသော သံအမတ်ကြီးသုံးယောက်တို့သည်။ မိမိတို့၏ဘာသာ မဟာမတ်ဒန်တရားကို မြို့၌ပြန်ပေါ်စေခြင်းငါ၄င်း။ ထိုပြင်အမျိုးလေးပါးတို့၌ လည်း မိမိတို့၏ ဗုဒ္ဓဘာသာတရားတို့သည် ပျက်စီးကွယ်ပျောက်ခြင်းသို့ ရောက်စိမ့်ခြင်းငါ၄င်း။ နိုင်ငံတော်၌ငါတို့အမျိုးလေးပါးတို့အား၊ နေစဥ့်မပြတ် ဟောပြောပြသလျက်ရှိလေ၍ ယခုနိုင်ငံတော်တွင်အချို့သောသူတို့သည်။ ယုံကြည်သက်ဝင်လျက် မဟာမတ်တရားကိုနာယူသောလူများတို့လည်းဖြစ်ရှိ လေကြောင်းကိုတွေ့မြင်ရလေသည်။ ထိုကဲ့သို့ဘာသာတရားပျက်စီးကြောင်း ဖြင့် ပြုလုပ်ရှိကြသောအရာများတို့ ကို၊ ဘုရင်မင်းမြတ်နှင့် အမတ်ပညာရှိ တို့သည် အလဲးမမူလျက်ရှိခဲ့သော်။ အိန္ဒိယတိုင်း၌သူတို့၏ အမျိုးအရိုးလွှမ်းမိုး အုပ်စိုးလျက် ပိုင်တော်မူသည့်နေ့ကစ၍ သူတို့သာသနာကို ချဲ့ထွင်ပြန့်နှမ့်စေ၍ ဗုဒ္ဓသာသနာတော်မြတ်သည်။ ဘုရားကိုတော် မြတ်သက်တော်ထင်းရှားရှိစည် ကပင်။ ယုံကြည်သက်ဝင်ပြီးလျှင် ကိုးကွယ်လျက်ရှိကြကုန်သော ဖြဟ္မဏခတ္တယ။ မဟာလတည်းဟူသော ဟန္ဒူလူမျိုးတို့သည် မိမိတို့ ဘီးဘိုးစည်ဆက် သက်ဆင်း လျက် ပြုပျင်ဆောံလုပ်ထားခဲ့သော သာသနာတော်မြတ်၏။ အဆောံအဦးပရိ ဘောဂ စေဒီတော်မြတ်တို့နှင့်။ ဥဒ္ဒိသစေဒီတော်မြတ်တို့ပါ ဖြုန်းတိဖျက်ဆီးလျက် ကွယ်ပျောက်စေခြင်းငှါ ၄င်းအမျိုးအရိုးဇပ်ဇာတိတရားများတို့ကိုလည်း ပျက်စီး ယို ယွင်းစေလျက်။ မဟာမတ်တရားကိုသာ ယုံကြည်သက်ဝင် လျက်။ များသော အားဖြင့်သာသနာတော်ကွယ်ပျောက်ပြီးလျှင်။ ဟိန္ဒူလူမျိုးတို့သည် မဟာမတ်လူ မျိုးဖြစ်ရှိကြောင်းကို ယခုထင်ရှားစွာတွေ့မြင်လျက်ရှိလေပြီ။ သို့ ့နှင့်ယခုလည်း

ထိုနည်းတူစွာရေမြေရှင်၏။ နိုင်ငံတော်၌လည်း၊ အမျိုးလေးပါးတို့နှင့် သာသနာတော်မြတ်လည်း ပျက်စီးခြင်းသို့မကြာမြင့်မှီဖြစ်ပေလိမ့်မည်။ သို့နှင့် ရေမြေရှင်၏ တိုင်းခရိုင်နိုင်ငံတော်တွင် အမျိုးလေးပါးတို့နှင့်တကွ မြင့်မြတ်စေခြင်းငှါငင်။ သာသနာတော်မြတ်လည်း စည်ပင်ကြီးပွါးခြင်းဖြင့်ငင်။ အမျိုးလေးပါးလူသတ္တဝါအပေါင်းတို့၌လည်း စည်ပင်ဝပြောသာယာချမ်းသာခြင်းဖြင့် ဖြစ်စိမ့်ခြင်း၌ရင်း ။ ရေမြေရှင်တို့၏ မဟာနွယ်မျိုးတို့၌လည်း အစည်မပြတ်သက်ဆင်းလျက် ဘုန်းတန်းခိုး တေဇာ အာနုဘော် ကြီးစေခြင်း၌ရင်း ။ စီမန်ပြုလုပ်တော်မူသင့်ပေပြီ ဟု ရှင်ငယ်ဆရာမြဝါသည် မင်းနှင့် အမတ်ပညာရှိတို့အား ဟောပြောပြသတော်မူလေသည် ။ ထိုအခါ ဘုရင်မင်းမြတ်နှင့်တကွအမတ်ပညာရှိတို့သည်။ သတိရတော်မူကြလေသောကြောင့်။ ရှင်ငယ်ဆရာအားကောင်းမွန်စွာပြုလုပ်စီမန်တော်မူရမ် လျှောက်ထားတောင်းပန်တော်မူလေသည် ။ ထိုအခါ ရှင်ငယ်ဆရာလည်း ရှေးထီးဆောင်းမင်းအပေါင်းတို့ အတည်ပြုတော်မူလျက် ဆောင်ရွက်တော်မူခဲ့သော မနုဓမ္မသဒ်တို့ကို ညှိနှိုင်းတော်မူပြီးလျှင်။ ရှင်အဂ္ဂမုဏီကိုတော်မြတ် ကို အမှူးပြုလျက်ဖွဲ့စည်းစီမန်ပြုလုပ်တော်မူသော။ ရွှေမျိုင်းဓမ္မသဒ်ဟု နာမသမုတ်တော်မူပြီးလျှင်။ ပေထက်အက္ခရာတင်ထားသောကျမ်းကို။ မင်းနှင့်တကွ အမတ်ပညာရှိတို့ သည်။ နိုင်ငံတော်၌အတည်ပြုလျက် ဆောင်ရွက်တော် မူစေရမ် အပ်နှင်းတော်မူလေသတည်း။

<u>အထူးဖေါ်ပြချက်</u>

ဘုရင်မင်းမြတ်နှင့် အမတ်ကြီးတို့ ငင်းဓမ္မသာဒ်တော်ကို နိုင်ငံနန်တော်၌ အုပ်ချုပ်ရှိသော အမတ်တို့ကို ခေါ်ယူလျက် အတည်ပြုခမ်း။

ထိုသောရှင်ငယ်ဆရာ အပ်နှင်းတော်မူခဲ့သော ဓမ္မသာဒ်တော်ကို နိုင်ငံနန်တော်၌ အတည်ပြုတော်မူစေရန် တိုင်းပြည်၌ အသီးသီးအုပ်ချုပ်လျက်ရှိကြသော ခရိုင်မင်းများတို့နှင့်တကွ။ သူဌေး၊ သူကြွယ် ကုန်သွယ် လယ်လုပ် အစရှိသော ပညာရှိအပေါင်းတို့ကို ရွေးကောံလျက် ဆင့်ဆိုခေါ်တော်မူပြီးလျှင် ညီလာခံပိုလ်ဒုတွင် ငင်းဓမ္မသာဒ်တော်၌ လာသည့်အတိုင်း အတည်ပြုတော်မူရန် ဆွဲးနွဲးတိုင်ပင်တော်မူလေသည်။ ထိုအခါ နိုင်ငန်တော်သားများတို့နှင့် အမတ်ပညာရှိတို့သည် သဘောမျှတော်မူကြ၍ အတည်ပြုတော်မူကြလေပြီးလျှင်။ မင်းနှင့်တကွ သူဌေး သူကြွယ် ကုန်သွယ် လယ်လုပ် သူဆင်းရဲ တောင်သူမိတ်ခ လူမှုစ၍။ ထိမ်းသိမ်း

ဆောင်ရွက် စောင့်ရှောက်ကြစေရမ် အမိန့်အာနာချမှတ် တော်မူလေသတည်း။

## ရ ခိုင် အမျိုးလေးပါးတို့ ၏ ကျင့်ဝတ်တရားတို့ ကို ရေးကူးဖေါ်ပြခြင်း အကြောင်း

လူတို့၏လောက ဓမ္မနှစ်ထာတို့၏ ကျင့်ဝတ်တရား အကြောင်း

ရခိုင်အမျိုးလေးပါးတို့၌ တိုင်းခရိုင်နိုင်ငန်တော်တွင် ရှေးမဟာသမဒ မင်းမြတ်တို့၏ အနွယ်ဝံသမှ သက်ဆင်းလျှက်လာကြသော ထီးဆောင်းမင်းအပေါင်းတို့သည် နိုင်ငန်တော်သား အမျိုးလေးပါးတို့အား ကွပ်ညှပ်အုပ်ချုပ်တော်မူသော အဌစတ္တလီသ (၄၈) ပါးသော ကျင့်ဝတ်တရားပေတည်း။ ထိုကျင့်ဝတ်တရားတို့၌ လောကဓမ္မ နှစ်ထာနတို့ကို မမေ့မလျော့အားဖြင့် ကျင့်သုံးဆောင်ရွက်ကြစေရမ်။ ဖေါ်ပြတော်မူလေသည်မှာ (၁) ရှေ့ဦးစွာ ရတနာသုံးပါးတို့အား မမေ့မလျော့စေလျှက် ကျင့်သုံးဆောက်တည်ဆည်းကပ် ကိုးကွယ်ကြရန်လည်းတပါး။ (၂) မိဖဆရာတို့၏ ဆိုဆုမ္မလျှက် သြောဝါဒဖြင့် ပေးခြင်းကိုလည်း မြေဝေမကျ မှတ်သားနာယူလျှက်။ ကျင့်သုံးစောင့်ရှောက်ကြရမ်လည်းတပါး။ (၃) မိမိတို့၌ မငြိမ်သက်စေလျှက် သွသွမ်းခြင်း ကြွကြမ်းခြင်း ရှုရမ်းခြင်းဖြင့် မကောင်းသော အကျင့်တရားတို့ကို ပေသျှားစောင့်ရှောင်ကြရမ်လည်းတပါး။ (၄) ပညာသိပ္ပ တတ်မြောက်စေရမ်ကြိုးစားအားထုပ်လျှက် သင်အံလေ့ကျင့်ကြရမ်လည်းတပါး။ (၅) သက်ဖြင့်ကြီးသောသူ ဝါဖြင့်ကြီးသောသူတို့နှင့် မိဖဆရာ ရေမြေရှင်ဘုရင်မင်းတို့အားလည်း မရိုမသေ မလေးမခမ့်ခြင်းဖြင့် အဂါရဝ ပြုလုပ်ခြင်းကိုလည်း ရှောင်ကြဉ်ကြရမ် ပညာပ်ခြင်းလည်းတပါး။ (၆) မိမိကိုကို ပညာဖြင့် ပေါင်းရှည်လျှက် ဒေါသမောဟဟု ဆိုအပ်သော မကောင်းသော ဆန္ဒတရားတို့ကို ပေရှားရခြင်းလည်းတပါး။ (၇) ငါးပါးသော သီလကျင့်ဝတ်တရားတို့ကို စောင့်ရှောင်ကြပြီးလျှင် မိမိတို့အားလျော်စွာ အလှူဒါနတည်းဟူသော ကောင်းမှု ကုသိုလ်တရားတို့ကို နေ့ညမပြတ် စစ်ပျိုးရခြင်းလည်းတပါး။

(၈) လောကဦ္ဌသူတပါးတို့အားနှုပ်ဖြင့်လွှန်ကျူးခြင်း၊ ကိုဖြင့်လွှန်ကျူးခြင်းတည်း ဟူသော မကောင်းသော တရားနှစ်ပါးတို့ကို ပေရှားပြီးလျှင်။ စိတ်ကြည်လင်စွာဖြင့် မိတ္တာတရားကို ရှေ့ထားလျှက်။ သဘောဖြောင့်မတ်စွာ ဖြင့်

နေရခြင်းလည်းတပါး။ (၉) ထို့အပြင် လောကဓမ္မနှစ်ထာတဦးဟူသော ကျင့်ဝတ်တရားနှစ်ပါးတို့ကို ပစ္စုပ္ပါန်သသံရာတို့၌ ချမ်းသာခြင်းဖြင့်သိစွမ်း ဆောင်ရွက်နိုင်သောပညာရှိပုဂ္ဂိုလ်တို့အား။ အလဲးအမြတ်ပြုပြီးလျှင်မိတ်ကျွမ်း ဝင်ရခြင်းလည်းတပါး။ (၁၀) ၄င်းမိတ်ကျွမ်းဝင်သောပုဂ္ဂိုလ်တို့၌ပညာဖြင့်ပေါင်း ရှည်ပြီးလျှင်။ တရားလက်လွှတ်လျက် ကျင့်ဝတ်တရားမှောက်မှားသူတို့ သည်။ လောကတွင်လူသတ္တဝါတို့၌အကျိုးစီးပွါးလည်းမရှိ။ သသံရာ၌လည်း အကျိုးမရှိသောသူတို့ကို၊ ဝဲးစွါရန်သူကဲ့သို့မိမိစိတ်၌ထားပြီးလျှင်ရှောင်ကြည် ရခြင်းလည်းတပါး။ (၁၁) သူတပါး၏ဥစ္စာပစ္စည်းတို့ကိုခိုးယူခြင်းဖြင့်၄င်း။ သူ တပါးသားမယားတို့အား ကျူးလွမ်ခြင်းဖြင့်၄င်း။ အထူးသဖြင့်ရှောင်ကြည်ရ ခြင်းလည်းတပါး။ (၁၂) မိမိတို့အားသူတပါးတို့သည်။ ကျူးလွမ်ခြင်းဖြင့်ကြိမ် ကြစ်ငြားသော်လည်း။ မျက်မန်ဒေါသတို့ကို သိမ်းချုပ်လျက် သည်းခန်ခြင်းဖြင့် ရှောင်ကြည်ရခြင်းလည်းတပါး။ (၁၃)လူတို့၌အနိစ္စ ဒုက္ခ အနတ္တဟု ဆိုအပ် သော လက္ခဏာရေးသုံးပါးတို့ကို။ အလယ်အလာအားဖြင့် အခါခါ အောက် မေ့ပြီးလျှင်။ မိမိခန္ဓာကိုကို ပညာမျက်စိဖြင့် ကြည့်ရှုဆင်ခြင်ဆုမ္မပြီးလျှင်။ တပြောင်းပြန်ပြန် စက်အဟန်သို့ဖြစ်ပျက်နေခြင်းကို ဒုက္ခတရားဖြင့်သိမြင် လျက်။ ကြောက်ရွမ့်ထိက်လမ့်စေရန် ရှာမှီရခြင်းလည်းတပါး။ (၁၄) ထို့အ ပြင်လောဘ ဒေါသ မောဟဟု ဆိုအပ်သော စိတ်ဆင်ရိုင်းကို နေ့ညမပြတ် ယျည်ကျေးစေခြင်းငှါ ပညာဖြင့်ထိမ်သိမ်းစောင့်ရှောက်လျှက် ငြိမ်သက်တည် တန့်စွာဖြင့် နေရခြင်းလည်းတပါး။ (၁၅)ထိုပြင်မိခင်ဖခင်တို့အားချစ်မြတ်နိုး ပြီးလျက်။ ဘုရားတဆူ ကူတလုံးတို့ကဲ့သို့။ နေ့ညမပြတ် အရိုအသေ အလဲ အမြတ် ရှိခိုးဦးတင်လျက် ပြုစုလုပ်ကျွဲး မွဲးမြူးရခြင်းလည်းတပါး။ (၁၆) ထို့ပြင် မိမိတို့၏ ဆွယ်မျိုးညာတိ သင်္ဂဟတို့၌လည်း။ သက်ကြီးသူအိုတို့အား မိမိစိပ်၌ ကြည်လင်စွါအားဖြင့် ဂါရဝ အရိုအသဉ် အလဲးအမြတ် ပြုလုပ်ဆောင်ရွက် ခြင်းလည်းတပါး။ (၁၇) ထိုမှတခြားအရပ်လေးမျက်နှာက လာကြသော ပုဏ္ဏား ရဟန်းရသေ့မုဏိတို့၌။ အဝတ်အစားရိက္ခာတို့ဖြင့် ချို့တည်း သောပုဂ္ဂိုလ်တို့အားလည်း။ မခေါင်းပါးစေမူ၍ ကောင်းမွန်စွာ ပေးကန်း ထောက်ပင့်ခြင်းဖြင့်။ ဘဝတပါးသို့သေခဲး ဦစ္စာထုပ်ကို သိုလ်မှီရုံပြုလုပ်ရခြင်း လည်းတပါး။ ဤသည်လျှင်(၁၇)ပါးသော လောကဓမ္မနှစ်ထာနဖြင့် ကျင့်ဝပ် တရားပေတည်း။

လူတို့၌ အိန်ထောင် သက်မွဲ ပြုလုပ်လျှက် လုပ်ကိုင်စားသောက် ကြရန် ဆောင်ရွက်ရ ခြင်းအကြောင်း

(၁၈) ထို့အပြင် လေလုပ်ခြင်း ကုန်သွယ်ခြင်း ရောင်းဝယ်ဖေါက်ကားပြုလုပ်လျှက် စား သောက် ကြသောသူတို့၌။ မိမိ၏ လုပ်ကိုင်ရှိသော အလုပ် တို့တွင် နေ့ညမပြတ် အစီးအပွားတို့အား တွက်ချက် ပြီးလျှင် မိမိ၌ မယုတ်မယွှစေမူ၍ လုပ်ကိုင်စား သောက်ဆောင်ရွက်ရခြင်းလည်းတပါး။ (၁၉) ထို သို့ လုပ်ကိုင်ခြင်း၌ စောင့်ရှေ့ာံပြီးလျှင် အစားရိက္ခာတို့ကို ပြည့်ဝှမ်းစွာ တိုက်ကျိုကျ တို့ဖြင့် သိုလ်မှိလျှက်။ မိမိ၌ဆွယ်မျိုး သင်္ဂဟတို့အား ထောက်ပင့် မဇ ရခြင်း လည်းတပါး။ (၂၀) ထို့ပြင် ထုမ်းနည်းနာတို့ကိုလည်း ပညာမှီးသောသူတို့ ကို နှဉ်းကပ်ပြီးလျှင်။ အဖြာဖြာသောပညာ သိပ္ပတတ်မြောက်သောသူတို့အ ထန်၌ ဆည်းကပ်လျှက်။ လုပ်ကျွဲးထော်ပင့်ခြင်းဖြင့်ပြုလုပ်ပြီးလျှင်။ ထုံမ်းနည်း နာတို့ကို မှတ်သားနာယူရခြင်းလည်းတပါး ။ (၂၁) ထိုသို့ဆရာထံ၌ရအပ် သော ထုမ်းနည်းနာတို့ကို မမေ့မယွှစေခြင်း၄ါ ။ မိမိစိတ်၌စွဲးမြဲစွာ မှတ်သား နာယူပြီးလျှင်။ သူ၏ကျေးဇုကြောင့် အထွေအထူး သူ၏ကုန်ကျေးဇုကို။ မမေ့ မယွှမြဲးစွာသိမြင်ရခြင်းလည်းတပါး။ (၂၂) ၎င်းပြင် မိမိတို့အမျိုးလေးပါးတို့၌ အနွှယ်ဝန်သမှသက်ဆင်းလျှက်။ ဖိုးဘီးစည်ဆက် မိဖအလိုက်ဇရိုက်ကျင့်ရိုး ဓမ္မတာတို့ကိုဖေါက်မပြန်အားဖြင့်။ ကျင့်သုံးဆောင်ရွက်စောင့်ရှောက်ရခြင်း လည်းတပါး ။ (၂၃)သို့ဖြစ်ခြင်းကြောင့် အမျိုးနွှယ်သည်တို့သည် အစဉ်တရား စောင့်ရှောက်ခြင်းအားဖြင့် အိန်ထောင်ပေါင်းရှည်ခြင်း၌။ သူဟောင်းသက်ကြီး ထုမ်းနဉ်းနာကို ယူဆောင်လျှက် ပေါင်ရှည်ရခြင်းလည်းတပါး။ (၂၄) ထိုပြင်တ ပါးသောအနွှယ်ဝန်သတို့က လှေ့ပတ်ဖျားယောင်းငြားသော်လည်း။ မိမိတို့၌ အမျိုးဇာတိတရားတို့သည် ပျက်စီးကွယ်ပျော်ခြင်း သို့မရောက်စေရံ ဝဲးစွာ ရှောင်ကြဉ်ရခြင်းလည်းတပါး။ (၂၅) ထို့ပြင် နိုင်ငန်တော်တွင် လူအပေါင်းတို့၌။ ပညာသိပ္ပသင်အန်လေ့ကျက်လျှက် နန့်ပြားလုံချုံစွာဖြင့် တတ်မြော်ခြင်းမရှိ သောသူတို့၌ ။ တစုံတခုအားဖြင့် လူမှုအိန်ထောင်စီးပွါးဆောင်ရမ် ပေါင်းဖေါ် ခြင်းကိုရှောင်ကြည်ရခြင်းလည်းတပါး။ (၂၆) ထိုပြင် တစုံတခုတတ်မြောက်ခြင်း မရှိသေးသောသူတို့အား။ လူမှုအိန်ထောင် စီးပွါးဆောင်ရာတို့၌ ညွှဲမှောင် မသိ ကြက်မျက်အိတ်သော သူနှင့်လည်း အလာ တူဘိသကဲ့သို့။ လူမှုအိန် ထောင်စီးပွါးဆောင်ခြင်းကိုရှောင်ကြဉ်ရခြင်းလည်းတပါး။ (၂၇) ထိုသို့ခရာဝါသ အိန်ထောင်သက်မွဲးပြုလုပ်ရာတို့၌။ အဖြာဖြာသောလူရေးကိစ္စများတို့ကို

ကျေပြွန်လေပတ်စွာ လိမ္မာသိတတ်ခြင်းဖြင့် ပြည့်စုံရခြင်းလည်းတပါး ။ (၂၈) ထိုသို့သိတတ်ပြီးမှ အိန်ထောင်သက်မွေးတစုံတခုလုပ်မှုကိုင်ရာတို့တွင်။ ကြံတွက်ဆပြီးလျှင် လုံ့လွဝါယမ စစ်တုပ်၍။ အရင်းပင်စည်တည်ပြီးလျှင် စီးပွါးချမ်းသာခြင်းဖြင့် သီးပွင့်လျက်။ မမေ့မလျော့အားဖြင့် လုပ်ကိုင်စားသောက်ရခြင်းလည်းတပါး။ (၂၉) ဒေါသ ၊မောဟ၊ မာန၊ တရားတို့ကို သိမ်းချုပ်စောင့်ရှောက်လျက် ။ သူတပါးတို့သည်။ မကောင်းသောဆန္ဒာဖြင့် ပျက်စီးစေခြင်း၄ါ ထုမ်းနည်းနာတို့ကို ပေးငြားသော်လည်း ။ မိမိ၌မငြိကပ်စေလျက် ရှောင်ကြဉ်ရခြင်းလည်းတပါး။ (၃၀) မိဖတို့၏ကျေးဇုတရားတို့သည်။ မြင်းမိုရ်တောင်နှင့် ချိမ်ဆောင်နိုင်းဆငြားသော်လည်း။ မိဖ၏ကုန်ကျေးဇုတရားတို့သည်။ အတိုင်းမသိသောအားဖြင့် ကျေးဇုတရားတို့ကို အဖန်တလဲးလဲးအောက်မေ့သိမြင်ရခြင်းလည်းတပါး။ (၃၁) အသစ်ပေါင်းဖက်ကြသောသားမယားတို့နှင့် သားမြေးဆွေမျိုး ကျေးကျွမ် ခြွယ်ရံ သင်းပင်းတို့ပါ။ မကင်းမကွာစောင့်ရှောံ ထော်ပင့်ရခြင်းလည်းတပါး။ (၃၂) ထို့ပြင် လောကတွင် လူပေလူပျက်တို့သည် ကဲ့ရဲ့ပြစ်တင်ခြင်းဖြင့် ပြုငြားသော်လည်း၊ ဝမ်းထည်း သံဝေစိတ်ဖြင့်ဖြေလျက် ထိုသူတို့အားရှောင်ကြည်ရခြင်းလည်းတပါး။ (၃၃) ထိုသို့ရှောင်ကြည်ပြီးလျက် လူကောင်းလူမွန်တို့သည်။ ချီမွန်ခြင်းကို ဖြစ်ကြစေရမ်။ အဆွေခင်ပွန်းနှင့်ခြွေရံသင်းပင်းတို့အား။ ချစ်ပန်းယနန်ဖြင့်မပြေစေခြင်း၄ါ။ စောင့်ရှောင်ရခြင်းလည်းတပါး။ (၃၄) ထို့ပြင် အိန်ထောင်စီးပွါး ဆည်းဖူးခြင်း၌။ သိပ်သဲမြေးမြန်စွာ စွဲလမ်းလျက် သိုမှီရာ၌ ။ မြေအိုးမြေခွက်တို့ဖြင့် တန်းစက်ကိုခမ်ခြင်းနှစ်ၚင်း။ ထို့ပြင် ခြငယ်သည် မိမိနှပ်ဖြင့် ကိုက်ချီယူဆောင်လျက် တောင်ဘို့ပြုလုပ်ခြင်းဖြင့်ၚင်း။ အလားတူစွာ ဆည်းဖူး စုဆောင်းပြုလုပ်ရခြင်းလည်းတပါး။ (၃၅) လူတို့၌ပညာဝိရိယတို့ဖြင့် မြဲမြန်ခိုင်ခမ့်စွာ ကြံဆောင်လုပ်ကိုင်ရခြင်းလည်းတပါး။ (၃၆) ထိုသို့လုပ်ကိုင်ရာတို့၌ သေသပ်စွာသော ယောကျာ်းမြတ်တို့၏ လုပ်ကိုင်ခြင်းသည်။ မိမိ၌ထင်မှတ်သည်အတိုင်း ပြည့်ဝစွာချမ်းသာစီးပွါးရခြင်းလည်းတပါး။ (၃၇) ထို့ပြင်ပညာချိုတည်းသောသူတို့၌။ လုလ္လမေ့မှု အများလူတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခန်ရခြင်းလည်းတပါး။ (၃၈) ထို့ပြင်မိမိကိုဂို မချစ်ပေးလျက်။ အကျင့်စာရိတ္တပျက်စီးခြင်းဖြင့်။ ၚင်းလူသွမ်းတို့က ပေသို့ မသိ ပျင်းရိရိနှင့်။ ကြမ္မပို့က ငါတို့နေရာ စီးပွါး လာအံ့ဟု ကြမ္မကိုချည်း ထိုးစွပ်လျက် နေခြင်းကို ရှောင်ကြဉ်ရခြင်းလည်းတပါး။

သူဌေးသူကြွယ် ကုန်သွယ် တို့အား ထိမ်းသိမ်းစောင့် ရှောက်ကြရမ် ကျင့်ဝတ်တ ရားအကြောင်း။

(၃၉) နိုင်ငံတော်ရှိ သူဌေး သူကြွယ် ကုန်သွယ် လယ်လုပ်တို့အား သူတပါးတို့သည် မှီခိုရာ ဖြစ်သော လက္ခဏာသည်ကား အလွန်အရိပ်ဝါသကောင်းသော ပြိုင်ညောင်ပင်ကြီး၏ လက္ခဏာနှင့် အလားတူစေရခြင်းလည်းတပါး။ (၄၀) ထိုပြိုင်ညောင်ပင်ကြီး၏ လက္ခဏာသည်။ လမ်းခရီး၌သော လားသောသူတို့သည် နေပူတန်လျှပ်မှလာကြခြင်းကြောင့် ထိုသစ်ပင်အောံသို့ ဝင်လျှက်မှီခိုလျှင် အလွန်မြေချမ်းသာခြင်းဖြင့် တွေ့ရှိရဘိသကဲ့သို့ ထိုနည်းတူစွာလူသုံးပါးတို့အား မှီခိုခြင်း၌လည်း ချမ်းသာစွာတွေ့ကြစေရံ ဆောင်ရွက်စောင့်ရှောက်ရခြင်းလည်းတပါး။ (၄၁) ထိုသို့တိုင်းခရိုင်းနိုင်ငန်တော်ကို ပြုပျင်စီမန် တော်မူရာတွင် နိုင်ငန်တော်သားများတို့၌ရေခွန်၊ မြေခွန်မြို့ရွာစကျေးများတို့နှင့်။ အမှုထန်းဆောင်ရွက်သော သူတို့တွင်။ ဆိုင်ရာလူတို့အခွန်ဘန္ဍာ ဆက်သွင်းစေရန်မှာ။ ရွှေမျိုင်းဓမ္မသာဒ်တော်အတိုင်း ။ အမျိုးလေးပါး မှူးမတ်ပြည်သူတို့အား၊ အမိန့်တော်ပိုင်းဖြတ် သားနားတော်မူသဉ်မှာ။ ရှေးဘီးတော်ဘိုး တော်မြတ်တို့နှင့်။ ဖခမဲးတော်မင်းမြတ်တို့လက်ထက်တော်က။ ပေးသနားတော်မူခဲ့သော ။ အဆောင်အရွက်စားကျေးမြို့ရွာ ၊ သူကြီးရပ်ကွပ်။ အစို့အငန်းတို့မှာ ။ သားမြေးစဉ်ဆက် ၊ သက်ဆင်းရွက်ဆောင် ကြီးစိုးမြဲးရှိသဉ်အတိုင်း ။ ကြီးစိုးထန်းရွက်စေ၊ ထုပ်ခွန်ဗန္ဍာခန်ယူသုံမ်းဆောင်ဆက်သွင်းသည်အရာများတို့မှာလည်း။ အသီသားတို့မှာ။ တနှစ်လျှင်။ အိန်ကြီးငါးသပြာ ။ အိန်ငယ်တသပြားခွဲး ထန်းဆောင်စေ ။ အစို့အငန်းသားတို့မှာလည်း။ အိန်ကြီးဆယ်သပြာ။ အိန်ငယ် ငါးသပြားကျ ထန်းဆောင်ရွက်စေ ထို့ပြင် လေတော်လုပ်သွားများတို့မှာလည်း။ လုပ်စားကြသည် လေယာဉီယျဉ်မြေတာတို့၌။ မဏ္ဍိမာတောင်တာ။ တဂါဏီလျှင်။ တနှစ်ကိုတသပြာနှင့်အခွဲးကျနှုမ်းဖြင့် ဆောင်ရွက် ဆက်သွင်းစေ။ သူဌေးသူကြွယ် ကုန်သွယ် လေပိုင် မြေပိုင်တို့မှာလည်း။ ထိုနည်းတူစွာကောံခန်စားသောက်စေရာသဉ်။ ထိုမှပိုမိုခြင်းဖြင့်။ ဖွဲ့စည်း ပြုလုပ်ကောံခန်ခြင်းမရှိစေရ။ ထိုမှတပါး။ သဘော်ာဆိပ်ကန်းများ တို့၌လည်း။ ပစ္စဉ်း၏ထိုက်ထန် ဘိုးသပြာတရာလျှင်။ ဆယ်ခိုင်ကျနှုမ်းဖြင့် ကောက်ယူဆက်သွင်းစေ ။ မြို့စား ရွာစားတို့မှာ ကတိုးခွန် ပိုက်ခွန်တို့ကိုသာ သိမ်းပိုက်စားသောက်စေ။ တရားတန်းဖေါင်တို့၌။ အခွန်ဗန္ဍာ ကျေးကုန်ငွေကျမရှိစေနှင့်၊ ညာဏ်ပူဇော်အမှုကိုသာ

ထောက်ချင့်၍။ နှစ်သပြာတန်သည်။ တပြာသခွဲတန်သည်ဟု။ ပြီးစီး အောင် စီရင်သူတို့စားသောက်စေ။ အရိုင်း တောင်သူမိက္ခလူတို့၌လည်း။ ဒါးတဇင်းယာတခင်းလျှင်။ သုံမ်းသပြာကျထန်းဆောင်စေ။ ထို့ပြင် အမှုထန်း အသင်း။ ကိုတော်ရမ်အမှူး။ ဝင်းသား ဒိုင်းသား။ ဟယားစီရိက မန်လဲး ကိုင်တို့မှစ၍။ အခွန်အထုပ်မဆောင်မရွက်စေနှင့် ထို့ပြင်နိုင်ငန်တော်သားများ တို့၌ တရားတန်ဖေါင်လက်ရောက်နုပ်လွှမ် မြေမှု ရေမှု အိန်မှု ငွေမှုများတို့မှာ။ တရားအဆွယ်လေးယောက် ပြည်းစိုးလေးယောက်စီ။ မြို့လေးမျက်နှာအ

ရပ်တို့က။ တရားမဏ္ဍာပ်နှင့် စီရင်မြဲးစီရင်စေ။ ပြီးပြေငြိမ်းလျှင်။ အမှုကြီး ငယ်ကိုထောက်၍။ ငါးသပြာသော်ဒင်း။ ဆယ်သပြာသော်ဒင်း။ ထိုက်သည် အားလျော်စွာကို။ စီရင်ဆုမ်းဖြတ်သောသူတို့က။ ခန်ယူသုံမ်းစားစေ။ မင်းရာ စိုးထူးဟူ၍။ မကုန်မကျစေနှင့် ၊ တရားအသွယ်ပြည်စိုးတို့စီရင်၍။ မပြီးပြတ် သော်။ အမတ်ကြီးလေးဦးတို့ လွှပ်တော်သို့ပိုပြီးလျက်။ စုံညီဆုမ်းဖြတ်စေ ။ ထိုအမတ်တို့စီရင်၍မပြီးမပြတ်သော် ဒင်းအမှုသည်နှစ်ဦးကို။ အတွင်းတော်သို့ ဝင်စေ ။ ခိုးမှု ယိုးမှုများတို့မှာလည်း ။ ရိုပ်ပုတ်ထောင်းသပ်၍။ မစစ်မမေးစေ နှင့်။ ပညာဖြင့်သာ ပေါ်ပေါက်အောင်စစ်ဆဲးမေးမြန်းစေ။ ခိုးသည်မှန်လျှင်။ စာ ထိုး၍ ဟရီအစို့တွင်ဖြဉ့်စေ ။ အသက်သေဆုံမ်းမှုဖြစ်ပွါးသောသူတို့ကို ။ မည် သူမဆို သေစားသေစေရမ်အတွက်၊ အသီးသားသချိ ဳအစို့တွင်ဖြဉ့်စေ။ ဗိ သာကက်သွမ်းမင်္ဂလာပုဏ္ဏားမရောစေနှင့်။ ရဟန်းသင်္ဃာတော်မြတ်တို့မှာ လည်း မြတ်စွာဘုရားဟောတော်မူသော မူရင်းစကားကို။ ရှည်ကြာ ထွန်းလင်းအောင်။ ဝဋ္ဋဂွမနိမင်းလက်ထက်။ သီဟဠလဘာသာ အက္ခရာတင် ထားခဲ့သည်။ ပိဋ္ဋကပ်သုံမ်းပုံကိုသာ။ သင်ကြား လေ့လာရမည်။ ပုထုစျါန်တို့ ဖွဲ့စည်းပြုလုပ်သော ကျမ်ဂန်များတို့ကို။ မလေ့မလာမဆောင်ရွက်စေရ ။ နောက်နောင်ကိုလည်း။ ကျမ်ဂန်အသစ်မဖွဲ့မလုပ်စေရ။ သာသနာတော် မြတ်၌၊ ထိမ်းအပ်စောင့်ရှောံတော်မူသော၊ ဝိနည်းကိုသင်္ဃာတော်မြတ်တို့က။ နိုင်နင်းအောင်တားမြစ်စောင့်ရှောက်တော်မူသင့်ပါသည်ဟုနိုင်ငန်တော်တွင်။ မင်းဗါဘုရင်မင်းမြတ်သည် မင်းဘာအာနာပိုင်းဖြတ်လျက်။ ချ မှတ်တော်မူလေ သည်။

ထိုပြင် ဘုရင်မင်းမြတ်တို့၌။ စစ်ထိုးရာတွင်တရားနှင့်ညီညွှတ်စွာ ဖြင့် စစ်ဆိုင်ရာသည် တရားကိုမစောင့်ရှောံလေသောကြောင့်။ ပျက်စီး ခြင်း သို့ ရောက်ရလေကြောင်းကို။ ရှေးထုမ်းဟောင်းဓမ္မတာတရားနှင့်။ ပမာထား

ပမါထားလျက် ပြည္သမ်းတော်မူလေသည်မှာ။ ဆဒ္ဒါန်ပြောင်မုန်၊ ရေးဟုန် နင်းချိုး၊ ခြွမ်းခြွမ်းထိုးသို့၊ အကျိုးရှိသင့်၊ ထိုးခွင့်မသာ၊ မင်္ဂလာအောင်မြေ၊ အနေသင့်ရာ၊ ဗိုလ်ပါဆင်မြင်း၊ သိမ်းသမ်းမပျက်၊ ရဲးမက်မပြို။ ရမ်ကိုနှိပ်နွမ်၊ အကြံပညာ၊ သည်သာဖြစ်ခဲ့၊ သူရဲးမသျှား၊ လက်ရုံမ်းအားမှာ၊ အမှားအမှန်၊ အလွန်အကျုး၊ သူရူးအင်္ဂါ၊ မိစ္ဆာအကျင့်နိမ့်မြင်သျှုံမ်းနိုင်၊ အပိုင်ခဲးခက်၊ လက်နက်ဗိုလ်ခြယ်၊ အသေအဆုံမ်း။ ထုံမ်းမပြုလောက်၊ ထွင်းဖေါက်မြောက် မြား၊ ဂုံမ်ကိုးပါးစုံ၊ ပညာလုံမှ၊ ဗိုလ်ပုံမပန်း၊ ညာစွမ်းနဂ္ဂိ၊ တွင်းပြင်ရှိက၊ ကြီးဗိစစ်အင်၊ မြင်းဆင်ရထား၊ မြေသေအားနှင့်၊ လေးပါးညီစုံ၊ ရောက်ငြားတုံလည်း၊ ပိုက်ချုံမ်ပြီးစီး၊ စစ်သူကြီးတို့၊ ထုံမ်းမှီးလိမ္မာ၊ သို့ကိုသာလျင်၊ စစ်အင်လည်း မည်၊ အပ်သည်ရှေးရှိး၊ ရာန်ချိုးနိုင်သည်၊ သူပြည်သာယာ၊ ဝတိန်သာသို့၊ ပမာတမျှ၊ အသကမင်း၊ စစ်တွင်သျှုံမ်းမည်၊ ဆိုသဉ်စကား၊ သိကြားစည်လျက်၊ ပျက်သည်ထုံမ်းစန်၊ နန္ဒိသေန၊ အသကအမတ်၊ ညီညွတ်ပြည်စုံ၊ ပညာလုံ၍၊ ဗိုလ်ပုံရန်ငြိမ်း၊ ကာလိင်္ဂရာဇ်၊ သုစစ်နွမ်းညှိုး၊ အကျိုးမရှိ၊ ပန်းနေရှိ၍၊ ကစိကစက်၊ ကြေညက်ဘရမ်း၊ အမတ်သွမ်းနှင့်၊ မင်းကြမ်းတသွမ်၊ မာန်တန်းခွန်ကို၊ ကဲးလွန်စတင်၊ ကိုယ့်လျှင်ကိုယ်ဝယ်၊ အလမ္ပါယ်သို့၊ အွန္တရာယ်ရောက် ပြေးပေါက်လမ်းမှား၊ သဉ်ပျောက်ငြားလည်း၊ တရားမရ၊ မင်းသုံးညဟု ရှေးထုံမ်းဟောင်းများတို့ကို၊ နှစ်လုံမ်းမူလျက်စောင့်ရှောက်စေရာသည်။ ထိုမှတုံလည်း၊ သူလှောင်သူပျက်၊ ပေါင်းဖက်စကား၊ မင်းကြီးမှားမူ တိုင်းကားမစဉ်ပျက်တတ်သည်ဟု ရှေးပညာဟိတို့ ဆိုဆုံမ္မ ဩဝါဒ ပေးခဲ့သော အကြောင်းတရားများတို့ကို အသင့်အတင့်နှစ်လုံမ်းမူ၍ စောင့်ရှောက်စေရာသည်။

၄င်ပြင် ပြိုင်ညောင်ပင်၌အသီးအပွင့်တို့သည် ပြည့်ဝှမ်းစွာသီးပွင့်လျက် ရှိလေခြင်းကြောင့်။ ကျေးငှက်အပေါင်းတို့သဉ်လည်း မှီခိုလျက်စားသောက်ခြင်းဖြင့် သာယာစွာနေဘိသကဲ့သို့။ ထိုနည်းတူစွာ ငါတို့အမျိုးလေးပါးတို့၌လည်း။ မှီခိုကပ်လျှက် လုပ်ကိုင်စားသောက်ခြင်းဖြင့်၌ ချမ်းသာသုခဖြင့် ပြည့်စုံစွာဖြစ်စေရမ်။ စောင့်ရှောက်ရခြင်းလည်းတပါး။ (၄၂) တိုင်းခရိုင်၌ရှိကြကုန်သော အမျိုးလေးပါးတို့တွင်။ သူဆင်းရဲ တောင်သူမိက္ခလူတို့သည်။ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်တို့၌။ အသီးသီး ညာတိသင်္ဂဟတို့အား မှီခိုလျှက်လုပ်ကိုင်စားသောက်ကြရန်လည်းတပါး။ (၄၃) ၄င်းပြင်မှီခိုလုပ်ကိုင်စားသေံကြသော သူတို့အား စောင့်ရှေံထောက်ပင့်သော သူတို့သည် သွမ်သင်ပြောဟော ဆိုဆုံမ္မခြင်း၌။ သာသာချိုချိုအားဖြင့်။ သူတပါးတို့အား

ချစ်မြတ်နိုးခြင်း ဖြစ်စိမ့်သောငှာ မှီခို၍ စောင့်ရှောက်ရခြင်းလည်းတပါး။ (၄၄) ထိုပြင် ကြမ်းကြုပ်စွာဖြင့် သူတပါးတို့အားရက်စက်စွာ ပညာမေ့ကင်းလျှက်။ စောင့်ရှောက်ခြင်း၌ ရှောင်ကြဉ်ရခြင်းလည်းတပါး။ (၄၅) မိမိ၌မှီခိုသောသူတို့အား။ လောကဝတ်တို့ဖြင့် သူတို့ကိုထစ်သည့်အားလျှော်စွာ ပြည့်ဝစေလျှက်။ မှုမှခပ်သိမ်းတို့ကို ဆောင်ရွက်ထိမ်းသိမ်းစောင့်ရှောက်ရခြင်းလည်းတပါး။ (၄၆) သူစိမ်းသူဗျက်ပင်ဖြစ်ငြားသော်လည်း။ မှီခိုလျှက်ရှိသောသူတို့အား။ စောင့်ရှောက်ထိမ်းသိမ်းအုပ်ချုပ်ခြင်းတွင်။ မိဖတွေ့ဗိသကဲ့သို့ သာသာကြည်ကြည်အားဖြင့် စောင့်ရှောက်ရခြင်းလည်းတပါး။ (၄၇) မိမိတို့၌ ဆွေရင်းသားမြေး ကျေးကျွမ်းသင်းပင်းတို့အား။ မွေ့မွေ့လျှော်လျှော်။ ပျော်ပျော်ပါးပါးဖြစ်စိမ့်ခြင်းငှာ။ ပြောဆိုခြင်း၌ နှုတ်ချိုပျားကဲ့သို့ ဆိုဆုံမလျှက် အဝပ်အစားပေးကန်းဆောင်ရွက်ပြီးလျှင် မညှိုးမနွမ်းစေပေး မွေးမြူရခြင်းလည်းတပါး။ (၄၈) ရခိုင်အမျိုးအရိုးတို့၌။ အစဉ်ဆင်းသက်လျှက်။ ကျင့်သုံးဆောံတည်ကြရသော ကျင့်ဝပ်ပညာပ်တရားတို့ကို မမေ့မလျှောစေလျှက် စောင့်ရှောက်ရခြင်းလည်းတပါး။ အဌစတ္တာလီသ (၄၈) ပါးသော ကျင့်ဝတ်တရားသည်လျှင် ဤတွင်အဆုံမ်းတရားပေတည်း။ ။ ညောင်ဂန်ကျမ်းတွင်ဖေါ်ပြလျှက်ရေးကူးသောတရားပေတည်း။

## ၁၂၈၇ ခု သတင်းကျွတ်လဆန်း ၁၅ ရက်နေ့။
## ဦးသာထွန်းအောင်

ငင်းရွှေဗျိုင်းခမ္မသာဒ် တော် လာသည့်အတိုင်း ပဌမ ပုဒ်၌ ဆောင်ရွက် ဖွဲ့စဉ်းကြရမ်အကြောင်း။

ထိုအခါ နိုင်ငန်တော်တွင် ထိမ်းသိမ်းအုပ် ချုပ်လျှက်ရှိကြကုန်သော ခရိုင်မင်းတို့သည်။ အသီးသီး စီမန်ဆောင်ရွက် ဖွဲ့စည်းကြလေ သည်တွင်။ မြို့တော်၌ ဖွဲ့စဉ်းရမ်မှာ။ မြို့အင်္ဂါဆယ်ပါးတည်း။ ဆယ်ပါးဟူသော်ကား။ (၁) တိုင်းပြည်၌ ဘုရင်မင်းလည်းတပါး။ (၂) တိုင်းခရိုင်နိုင်ငန်တော်တွင် တရားနှင့်အညီ။ စီရင်ဆုံမ်းဖြတ်နိုင်သော ပညာရှိ ပြည်စိုးကြီးလည်းတပါး။ (၃) တဖက်ရမ်သူတို့ကို ဖြိုဖျက်နိုပ်ကွပ်ပိပြားနိုင်သော ဒါးပိုင်ကြီးလည်းတပါး။ (၄) ဆင် မြင်း ရထားခြေသည်တို့နှင့် စုံလင်စွာ မြို့တော်၌ ရှိရခြင်းလည်းတပါး။ (၅) တိုင်းပြည်၌ မင်း၏အကျိုးတော်ဆောင် ကိုယ်ျတော် သံတရှုံအမတ်ပညာရှိလည်းတပါး။ (၆) တိုင်းခရိုင်နိုင်ငန်တော်တွင် ကျုံမြောင်း ရင်ဒါး အတွင်းပြင်အားဖြင့် ပြုပြင်ဖွဲ့စဉ်းလျှက် ခိုင်ခမ့်စွာပြုလုပ်ထားရခြင်းလည်းတပါး။ (၇) နိုင်ငန်တော်၌

ကြယ် လ နက္ခာပ်တရာတို့ကို သိမ်းပစ်ဖွံ့စဉ်းလျှက် ကိမ်းခမ်းယတြာအားဖြင့်။ အကာကြီးတရာ။ အကာငယ်တထောင် မြွန်ပေါက်တထောင် ပြုလုပ်ဖွဲ့စဉ်းရခြင်းလည်းတပါး။ (၈) နိုင်ငန်တော်၌ ရတနာဆယ်ပါးအားဖြင့် တိုက်ကျိုကျပြုလုပ်လျှက် ပြည့်ဝှမ်းစွာ စီမန်ဆောင်ရွက်ရှိရခြင်းလည်းတပါး။ ၄င်းဆယ်ပါးတွင် စပါးမျိုးခုနှစ်ပါးလည်း အပါအဝင်တည်း။ (၉) နယ်ပြည်တော်တွင်ပညာ သိပ္ပ ကြီးပွားစေရန်။ လောကီအတတ်ပညာ သိပ္ပတိုက်တော်နှင့်။ လောကုတ္တရာအတတ်ပညာ သိပ္ပကြီးပွားမြင့်မြတ်ပြန့်ပေါစေခြင်းငှာ၄င်း။ ထိုနှစ်ရပ်သာ တိုက်တော်တို့ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ဆောင်ရွက်လျှက် ဖွဲ့စဉ်းလျှက် ပေးရခြင်းလည်းတပါး။ (၁၀) နိုင်ငန်တော်သားတို့၏ အကျိုးစီးပွားအလို့ငှာ။ ဆောင်ရွက်ထိမ်းသိမ်းရန် ပြည်၏အကျိုးဆောင် ဗန္ဓာတော်တိုက်ဖွဲ့စည်းပြုလုပ်ပေးရခြင်းလည်းတပါး။ ဤသည်လျှင် နိုင်ငန်တော်တွင်ထိမ်းသိမ်းဆောင်ရွက်ရန်သော အကြောင်းဆယ်ပါတည်း။

**အမျိုးလေးပါးတို့၌ ကျင့်သုံးစောင့်ရှော်ကြရံ တရားအပြား (၃၀) ၏ အကြောင်း။**

အမျိုးလေးပါးတို့၌ စောင့်ရှော်ရာ သောကျင့်ဝတ်တရားဟူသော်ကား။ အပြားအားဖြင့် (၃၀) တည်း။ ထိုတရားတို့တွင် မင်း၌ ကျင့်ရသော တရားဟူသော်ကား မင်းကျင့်ဝတ်တရား ဆယ် ပါး။ အပဏိဟာနိယတရား ခုနှစ်ပါး။ နာယကကုန်ခြော်ပါး။ ပြဟ္မဝိဟာရ တရားလေးပါး။ ပဥ္စသီငါးပါး။ ဤသည်လျှင် မင်းကျင့်ဝပ်တရား အပြားအားဖြင့် (၃၀) ပေတည်း။ ထိုမှတပါးနိုင်ငန်တော်သား အမျိုးသုံးပါးတို့၌ ကျင့်ဝပ်တရားဟူသော်ကား။ အကျယ်အားဖြင့် (၁၀၃) ပေတည်း။ ဤအရာ၌ အကျယ်ကို များသောအားဖြင့် ဖေါ်ထုပ်ရေးကူးလျှက်မပြလိုက်ပြီ။ အကျယ်ကို သိလိုမူ။ ဗြူဟပ်ညောင်ဂန်ကျမ်းနှင့်။ လောကသာရကျမ်းတို့ကိုလည်း။ ရခိုင်အမျိုးအရိုးတို့၏ မူဟောင်းကျမ်းကို ရှာ၍ ကြည့်သိလေရာ၏။

**တိုင်းပြည်၌ ထိမ်းသိမ်းအုပ်ချုပ်ကြသော ခရိုင်မင်းတို့၏ ကျင့်ဝတ်တရားအကြောင်း။**

နိုင်ငန်တော်၌ အုပ်ချုပ်ထိမ်းသိမ်းကြသော ခရိုင်မင်းတို့၌ စောင့်ရှော်ထိမ်းသိမ်းရှောင်ကြည်ရာသော ကျင့်ဝတ်တရား ခုနှစ်ပါးတည်း။ ခုနှစ်ပါးဟူသော်ကား နှုပ် လက် ကြန်းဒန်းခြင်းကိုလည်း ရှောင်ကြည်ရာ၏။ တစိုး

လက်ဆောင် ပန်းနားတည်းဟူသော ပစ္စည်းရပ်များတို့ကိုလည်း တတ်မက်မောသဖြင့် လက်ခံသုံးစွဲ စားသောက်ခြင်းကိုလည်း။ ရှောင်ကြည်ရာ၏ (၂) သူတပါးတို့၌ စည်းလဲးကောက်ကျစ်တတ်သော စိတ်သဘောတို့နှင့်။ ဒေါသစောအားဖြင့် ငြူးစူးခြင်းဖြင့်ဖြစ်တတ်သော အရာတို့ကိုလည်း ရှောင်ကြည်ရာ၏။ (၃) လောဘ ဒေါသ မောဟ တရားတို့သည် မိမိ၌ကြီးကျယ်စွာရောက်ခြင်းကိုလည်း ရှောင်ကြည်ရာ၏။ (၄) သူတပါးတို့အား ကြောက်ရွံ့တုန်လှုပ်တတ်သော စိတ်သဘော အစည်တို့ကိုလည်း ရှောင်ကြည်ရာ၏။ (၅) သတိယုတ်လျှလျှက် ထိုင်းမှိုင်းတွေဝေတတ်သော ဂတိတရားတို့ကိုလည်း ရှောင်ကြည်ရာ၏။ (၆) မင်းနှင့်တကွ ပြည်သူတို့၏ အကျိုးစီးပွားမေ့ဖြစ်ရာသော တရားတို့ကို စီမန်ဖွံ့စည်းဆောင်ရွက်ခြင်းကိုလည်း ရှောင်ကြဥ်ရာ၏။ (၇) ဤသည်လျှင် နိုင်ငန်တော်၌ အုပ်ချုပ်ကြသော ခရိုင်မင်းတို့၏ ကျင့်ဝတ်တရား ခုနှစ်ပါးပေတည်း။

**နိုင်ငန်တော်တွင် အမျိုးသုံးပါးတို့၌ အကျိုးတော်ဆောင်ရွက်ရန် လွှဲအပ်သော ဗါးဘူအချုပ် လူကြီးကျင့်ဝတ်တရားအကြောင်း**

ထိုပြင်နိုင်ငန်တော်၌ အမျိုးသုံးပါးတို့အား အကျိုးတော်ဆောင်ရွက်သော ဗါးဘူ အချုပ်လူကြီးအား မိမိ၌ ထိမ်းသိမ်းစောင့် ရှောံရာသော ကျင့်ဝတ်တရား (၁၀) ပါးတည်း။ ဆယ်ပါးဟူသော်ကား။ အထက်ပြဆိုခဲ့သော ကျင့်ဝတ်တရား ခုနှစ်ပါးတို့နှင့်တကွ မိမိ၌ ရတနာဆယ်ပါးအားဖြင့် ပြည့်ဖျိုးခြင်းအင်္ဂါနှင့် ညီညွတ်စွာရှိရခြင်းလည်းတပါး။ (၈) မဖေါက်မပြန် သမ္မာဒိတရားအားဖြင့် တည်တန့်ခိုင်ခမ့်စွာဖြင့် မိမိ၌ပြည့်စုံရခြင်းတပါး။ (၉) သတ္တဝါအပေါင်းတို့ကို မိတ္တာစိတ်အားဖြင့် မကင်းမကွာ အမြဲတည်လျှက် စောင့်ရှောံရခြင်းလည်းတပါး ဤသည်လျှင်ပြည်၏အကျိုးတော်ဆောင် ဗါးဘူအချုပ်လူကြီး၏ ကျင့်ဝတ်တရား ဆယ်ပါးပေတည်း။

**သခေ်ပ အကျည်းအားဖြင့်အမျိုးလေးပါးတို့အား ရှောင်ကြည်ရာသော ကျင့်ဝတ်တရားကို ဖေါ်ပြခြင်းအကြောင်း။**

မင်းနှင့်တကွ နိုင်ငန်တော်သားအမျိုးသုံးပါးတို့သည်။ မနုရွှေဖျိုင်းဓမ္မသာခ်တော်အရ ထိမ်းသိမ်းစောင့်ရှောံရမ်အမိန့်အာနာ ထုပ်ပြန်တော်မူသည်

မှာ။ မင်းနှင့်တကွ သူဌေးသူ ကြွယ် ကုန်သွယ် လေလုပ်သူဆင်းရဲ တောင်သူမိကွ လူမှစ၍ ဆောင်ရွက်ထိမ်းသိမ်းရှောင်ကြည်ရာသော ကျင့်ဝတ်တရားဟူသော် ကား။ သားမကောင်းလျှင်အဖ။ သမီးမကောင်းလျှင် အမိ။ မယားမ ကောင်းလျှင်လင်။ ကျွန်မကောင်းလျှင် အရှင်။ ရွာမကောင်းလျှင် ရပ်ကွပ်။ ပြည်မကောင်း လျှင် အမတ်။ မင်းမကောင်းလျှင် တိုင်းပြည်မှ ကျွတ်လွှတ်စေရာသည်။ ထိုမှတပါး နိုင်ငန်တော်သား အမျိုးသုံမွါးတို့ ၌လည်း ကျင့်သုံမ်းနေထိုင် ဝတ်စား သုံမ်းဆောင်ခြင်း၌၊ ရှောင်ကြဉ်ရာ သော တရားသည်ကား မဟာနွယ် မင်းမျိုးတို့၏ နေထိုင်ဝတ်စား ဆောင်ရွက်ခြင်းကို ကုန်သွယ်လေလုပ်တို့အား ရှောင်ကြည်ရာ၏။ ကုန်သွယ်လေလုပ်တို့၏ နေထိုင်ဝတ်စား ကျင့်သုံမ်းဆောင်ရွက်ခြင်း ကို သူဆင်းရဲတောင်သူမိကွ လူတို့အားရှောင်ကြဉ်ရာ၏ဟု အကျည်းအားဖြင့် ထိမ်းသိမ်းရှောင်ကြည်ရာသော ကျင့်ဝတ်တရား ဆယ်ပါးပေတည်း။